# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူး တရားလေးပါးတို့သည် တိုးပွားကုန်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၇၃)

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ ကြာသပတေးနေ့


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

စာ - ၃ သို့

# (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းတက်ရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**လွိုင်ကော် ဇန်နဝါရီ ၁၅**

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်တွင်ကျရောက်သည့် (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမဦးကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ■

## ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဟုမ္မလင်းတပ်နယ်နှင့် လဟယ်မြို့ရှိ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအားတွေ့ဆုံ

စာ - ၁၂ သို့

## စွမ်းရည်သတ္တိပြည့်ဝရှိ သတိနှင့်ယှဉ်တိုက်စွမ်းအင် ကျွမ်းကျင်စဉ်မြဲလေသူရဲ

ဆောင်းပါး စာ - ၁၃ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်)

# ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်သူများ၏လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရေးတို့အတွက် ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်ကိုအကောင်အထည်ဖော်လျက်ရှိသည်။ ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားရေးကို အဓိကဦးတည်ဆောင်ရွက်နေခြင်းမှာ နိုင်ငံ့စီးပွားရေးပိုမိုတိုးတက်ကောင်းမွန်စေရေးကိုရည်ရွယ်ခြင်းဖြစ်သည်။

နိုင်ငံတော်၏စီးပွားရေးရည်မှန်းချက်များအောင်မြင်စေရန် နိုင်ငံအတွင်းရှိ ရေမြေသဘာဝနှင့်လူသားအရင်းအမြစ်များကိုထိရောက်စွာအသုံးချနိုင်ရမည်ဖြစ်သည်။ စိုက်ပျိုးရေးတွင် မျိုးကောင်းမျိုးသန့်ရွေးချယ်သုံးစွဲခြင်း၊ မြေကိုအကောင်းမွန်ဆုံးဖြစ်အောင်ပြုပြင်ခြင်း၊ စိုက်ပျိုးရေရရှိရေးကို နည်းလမ်းမျိုးစုံသုံး၍ရှာဖွေခြင်း၊ နည်းပညာအထောက်အကူရရှိအောင်ဆောင်ရွက်ခြင်းတို့ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်လုပ်ဆောင်နိုင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇန်နဝါရီလ ၁၁ ရက်က ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME)လုပ်ငန်းရှင်များနှင့်တွေ့ဆုံအမှာစကားပြောကြားစဉ် “MSME လုပ်ငန်းများနှင့်ပတ်သက်၍ အဓိကအားဖြင့် မူဝါဒများချမှတ်ထားပြီး ကုန်ပစ္စည်းတစ်ခုထုတ်လုပ်ရန်အတွက် ကုန်ကြမ်းပစ္စည်းများလိုအပ်ချက်မှာ အဓိကအရေးကြီးလိုအပ်ချက်ဖြစ်သဖြင့် ဒေသတွင်းကုန်ကြမ်းများလုံလောက်စွာ ထွက်ရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသအနေဖြင့် ဒေသမှထွက်ရှိသည့် နို့နှင့်နို့ထွက်ပစ္စည်းများ၊ ဂျုံထွက်ပစ္စည်းများ၊ အသီးအနှံများမှ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိကြောင်း၊ ဈေးကွက်လေ့လာဆန်းစစ်ချက်အရ လူအများကြိုက်နှစ်သက်သည့်ပစ္စည်းများကို အရေအတွက်များများဖြင့် အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသို့ပါတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။

MSME ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ရန် နည်းပညာ၊ ထုတ်လုပ်သည့်စက်ပစ္စည်းများနှင့် ကျွမ်းကျင်သည့်လူသားအရင်းအမြစ်များလိုအပ်သည်။ ပြင်ဦးလွင်မြို့မှထွက်ရှိသည့် နို့ထွက်ပစ္စည်းများသည် အဆင့်အတန်းတစ်ခုတွင်ရှိနေသည်ဖြစ်၍ လက်ရှိထုတ်လုပ်နေသည့် ထုတ်ကုန်များအပြင် အခြားနို့ထွက်ပစ္စည်းသုံး စားသောက်ကုန်အမယ်သစ်များကို ဆက်လက်ထုတ်လုပ်နိုင်မည်ဆိုပါက ယခုထက်ပိုမိုအောင်မြင်တိုးတက်လာနိုင်မည်ဖြစ်သည်။ စားသောက်ကုန်လုပ်ငန်းတွင် ပါဝင်သည့် ဝိုင်ထုတ်လုပ်ခြင်းလုပ်ငန်းကိုဆောင်ရွက်ရာတွင်လည်း အဆင့်မြင့်ဝိုင်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်နိုင်ပါက ဈေးကွက်ပိုမိုရရှိနိုင်မည်ဖြစ်သည်။

ပြင်ဦးလွင်မြို့မှထွက်ရှိသည့်ကော်ဖီသည်လည်း အရည်အသွေးကောင်းမွန်ပြီး ဈေးကွက်ရရှိထားပြီးဖြစ်သည်။ ကော်ဖီစိုက်ပျိုးခြင်းမှာ အရိပ်ရအပင်များကိုပါ ထည့်သွင်းစိုက်ပျိုးရသည်ဖြစ်၍ Green Economy ကိုဖော်ဆောင်နေခြင်းပင်ဖြစ်သည်။ ပြင်ဦးလွင်ခရိုင်တွင် သစ်တောဖုံးလွှမ်းမှုအနေဖြင့် ၁၈ ဒသမ ၈၇ ရာခိုင်နှုန်းရှိပြီး စိမ်းလန်းစိုပြည်မှုရှိသည့်ဒေသဖြစ်သည်။ စိုက်ပျိုးမြေများပေါ်တွင် စိုက်ပျိုးရေးနှင့်မသက်ဆိုင်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်းမရှိစေရန် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ပေးရမည်ဖြစ်သည်။ အထူးသဖြင့် အိမ်ရာများဆောက်လုပ်ခြင်းနှင့်အဆောက်အအုံဆောက်လုပ်ရန်ခြံကွက်များပြုလုပ်ထားခြင်းမရှိစေရေးကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြင်ဦးလွင်မြို့သည် အအေးပိုင်းဒေသဖြစ်သဖြင့် ဂျုံသီးနှံများစိုက်ပျိုးမည်ဆိုပါက ဖြစ်ထွန်းအောင်မြင်နိုင်မည်ဖြစ်သည်။ MSME ကုန်ထုတ်လုပ်ငန်းများတွင် ၆၅ ရာခိုင်နှုန်းခန့်သည် စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်သည်။ အခြားလူသုံးကုန်ပစ္စည်းထုတ်လုပ်မှု၊ စက်ပစ္စည်းထုတ်လုပ်မှုနှင့် အခြားကုန်ထုတ်လုပ်မှုလုပ်ငန်းများမှာ ရာခိုင်နှုန်းအားဖြင့်နည်းပါးလျက်ရှိသည်။ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကအားဖြင့်ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကိုအောင်မြင်အောင်ဆောင်ရွက်နိုင်မှသာ ကုန်ကြမ်းပစ္စည်းများလုံလောက်စွာရရှိနိုင်မည်ဖြစ်သည်။

ထို့အတူ ပြင်ဦးလွင်မြို့တွင် မွေးမြူရေးလုပ်ငန်းများအောင်မြင်တိုးတက်အောင်ဆောင်ရွက်ပြီး အေးခဲအသားထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးကိုပိုမိုဖွံ့ဖြိုးအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်လာနိုင်သည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်များလာမည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိအသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများပိုမိုအောင်မြင်လာအောင်ဆောင်ရွက်နိုင်သည်နှင့်အမျှ ပြည်ပမှမှာယူတင်သွင်းနေရမှုများလျော့နည်းလာမည်ဖြစ်သည်။ လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ပါ ထိုးဖောက်နိုင်သည်အထိကြိုးစားကြရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံတော်ကဦးတည်ချမှတ်ထားသော “တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး” မှာပိုမိုအောင်မြင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ဥပ္ပါတသန္တိကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကျင်းပ

**မင်းလှ ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ ဥပ္ပါတသန္တိကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၄ ရက် နံနက်ပိုင်းတွင် မြို့နယ်သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော်သံဃာတော်များနှင့် ဧည့်ပရိသတ်တို့က နမောတဿသုံးကြိမ်ရွတ်ဆိုကန်တော့ကြပြီး အောင်ဗောဓိကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်သံဃာတော်များက ဥပ္ပါတသန္တိကျမ်းမြတ်ရွတ်ဖတ်ပူဇော်သည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ဆရာတော်သံဃာတော်များအား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဥပ္ပါတသန္တိကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲသို့ ကြွရောက်တော်မူကြသော ဆရာတော်သံဃာတော်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

# ပင်လောင်းမြို့နယ်၌ ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

**ပင်လောင်း ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံတဲကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၄ ရက် နံနက်ပိုင်းတွင် အဆိုပါလမ်းပေါ်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကွန်ကရစ်လမ်းသည် အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၆၅ သန်းအသုံးပြုကာ မြို့နယ်ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက ၂၀၂၄ ခုနှစ် အောက်တိုဘာလ တတိယပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**စိန်လွင်(ကျေးလက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၁-၂၀၂၅ (ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် | |
| ၂။ | ၀၈:၀၀ | သုတရသစုံလင်ဗဟုသုတပုံပြင် | |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ | |
| ၄။ | ၁၀:၀၀ | သာယာသီကြွေးခေတ်ဆန်းတေး | |
| ၅။ | ၁၁:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား | |
| ၆။ | ၁၂:၀၀ | သီချင်းလက်ဆောင် | |
| ၇။ | ၁၃:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | |
| ၈။ | ၁၄:၀၀ | Soft Skill | |
| ၉။ | ၁၅:၀၀ | ဇာတ်လမ်းတို | |
| ၁၀။ | ၁၆:၀၀ | စာပေနှင့်အနုပညာသတင်း | |
| ၁၁။ | ၁၇:၀၀ | **ကျင့်ကြံပွားများလိုက်နာစရာ (၃၈)ဖြာမင်္ဂလာ** | |
| ၁၂။ | ညစနာရီသတင်းအပြီး | နိုင်ငံတကာသတင်း | |
| ၁၃။ | | မိုးလေဝသသတင်း | |
| ၁၄။ | | ပန်းပေါင်းစုံစွာအနုပညာ | |
| ၁၅။ | | အတွေးအမြင် | |
| ၁၆။ | | ခရီးလည်းသွားစကားလည်းဆို | |

## MWD Variety Channel

| | | |
|---|---|---|
| ၁။ | ၁၀:၃၄ | The Beautiful Land |
| ၂။ | ၁၁:၃၀ | ကဗျာအလှ ရသလွင်ပြင် |
| ၃။ | ၁၅:၄၂ | သတိမမူ ဂူမမြင် |
| ၄။ | ၁၆:၁၈ | အားကစားနည်းသမိုင်းကြောင်း |
| ၅။ | ၁၇:၄၇ | ကြယ်ပွင့်များရဲ့ခြေလှမ်းသစ် |
| ၆။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၇။ | ၂၁:၁၂ | Variety Choice |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၂ / ၂၀၂၅ )**

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ခ)၊ (ဏ) နှင့် (ဓ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) **မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ ငါးလုပ်ငန်းနှင့် ရေထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်ခြင်းမှအပ နည်းစနစ်တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ စုဆောင်းခြင်းဖြင့်ဖြစ်စေ တိရစ္ဆာန်များအား မွေးမြူခြင်းလုပ်ငန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၊ တိရစ္ဆာန်များအား မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းနှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလည်း ပါဝင်သည်။

(ဏ) **သားသတ်ခြင်းလုပ်ငန်း** ဆိုသည်မှာ စီးပွားဖြစ်ထုတ်လုပ်ရောင်းချရန် တိရစ္ဆာန်ကို သတ်ဖြတ်သည့်လုပ်ငန်းဖြစ်စေ၊ ယင်းလုပ်ငန်းမှရရှိသည့် တိရစ္ဆာန်ထွက်ပစ္စည်းများ သိုလှောင်သည့် လုပ်ငန်းကိုဖြစ်စေ ဆိုသည်။

(ဓ) **ထောက်ခံချက်လက်မှတ်** ဆိုသည်မှာ ပြည်ပသို့တင်ပို့မည့်၊ ပြည်ပမှတင်သွင်းမည့်၊ ပြည်တွင်း၌ ထုတ်လုပ်သည့် သို့မဟုတ် ပြုပြင်ထုတ်လုပ်သည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ အရည်အသွေးပြည့်မီခြင်း၊ တိရစ္ဆာန်ကျန်းမာရေးကောင်းမွန်ခြင်း၊ ကူးစက်ရောဂါကင်းရှင်းခြင်း စသည်တို့ ရှိ မရှိတို့ကို စစ်ဆေးပြီး ဦးစီးဌာနကထုတ်ပေးသော လက်မှတ်ကို ဆိုသည်။"

၃။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (န)တွင် ပါရှိသော "သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်း" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ (င)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(င) လိုအပ်သည့် နေရာဒေသများတွင် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန် တည်ထောင်ခြင်းနှင့် ဇီဝလုံခြုံမှုဆိုင်ရာ အစီအမံများချမှတ်ဆောင်ရွက်ခြင်း၊"

၅။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ (ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) သားသတ်ရုံလုပ်ငန်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးခြင်း၊ သားသတ်ရုံနှင့် သားသတ်ခြင်းလုပ်ငန်းကို စစ်ဆေးကြီးကြပ်ခြင်း၊"

၆။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၁၁ တွင်-

(က) ပုဒ်မခွဲ (တ) ၏ နောက်တွင် ပုဒ်မခွဲ(ထ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ထ) ဤဥပဒေအရ ထောက်ခံချက်လက်မှတ်၊ ခွင့်ပြုလက်မှတ်၊ အသိအမှတ်ပြုလက်မှတ်၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်သက်တမ်းတိုးခြင်းတို့အတွက် ဝန်ဆောင်ခ၊ မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေးနှင့် အခြားအခကြေးငွေများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊"

(ခ) မူလဥပဒေပုဒ်မခွဲ (ထ) ကို ပုဒ်မခွဲ (ဒ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၇။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၁) တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ မွေးမြူရေးခြံလုပ်ငန်း၊ မျိုးခြံလုပ်ငန်း၊ ဥဖောက်စက်လုပ်ငန်း၊ လုပ်ငန်းသုံးအဆောက်အအုံနှင့်ပစ္စည်းများ၊"

၈။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၂၂ တွင် ပါရှိသော "နှစ်နာကြေး၊ လျော်ကြေး သို့မဟုတ် အကူအညီရရှိရန်" ဆိုသည့် စကားရပ်ကို "အာမခံကြေး၊ နှစ်နာကြေး၊ လျော်ကြေး သို့မဟုတ် အကူအညီရရှိရန်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ အခန်း(၉)၏ နောက်တွင် အခန်း(၉-က)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"အခန်း(၉ - က)**
**တိရစ္ဆာန်များအား စုဆောင်းမွေးမြူခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း**

၂၂-က။ တိရစ္ဆာန်စုဆောင်းမွေးမြူခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၂-ခ။ ပုဒ်မ ၂၂-ကပါ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ သော်လည်းကောင်း၊ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၇ ပုဒ်မခွဲ (ဃ)ပါ ပြဋ္ဌာန်းချက်နှင့် အညီသော်လည်းကောင်း ဆောင်ရွက်ရမည်။

၂၂-ဂ။ ပုဒ်မ ၂၂-ခ အရ ခွင့်ပြုလက်မှတ်ရရှိသူသည်-

(က) ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။"

၁၀။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၂၃ တွင် ပါရှိသော "သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကိုဖြစ်စေ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၁။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၉။ ဦးစီးဌာနသည် ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်းပြုမည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများကို စစ်ဆေးနိုင်ရန် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းများဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းများကိုစစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။"

၁၂။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ အခန်း(၁၁)၏ နောက်တွင် အခန်း(၁၁-က)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"အခန်း(၁၁ - က)**
**မှတ်ပုံတင်ခြင်း**

၃၁-က။ တိရစ္ဆာန်၊ မွေးမြူရေးခြံလုပ်ငန်း၊ မျိုးခြံလုပ်ငန်း၊ ဥဖောက်စက်လုပ်ငန်း၊ ပျားမွေးမြူရေးလုပ်ငန်းများ သို့မဟုတ် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါး၊ တိရစ္ဆာန်သုံးပစ္စည်းများနှင့် စပ်လျဉ်း၍ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်း၊ သားသတ်ရုံလုပ်ငန်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် သက်ဆိုင်ရာပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားအလိုက် မှတ်ပုံတင်ခွင့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၃၁-ခ။ (က) ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးသည်-

(၁) ပုဒ်မ ၃၁-က အရ လျှောက်ထားချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန်ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်လျှင် ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

(ခ) ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးသည်-

(၁) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၃)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်းအမျိုးအစားနှင့်လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့်လုပ်ငန်းအမျိုးအစားဖြစ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

(ဂ) ဦးစီးဌာန၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ်ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးသည်-

(၁) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

**စာမျက်နှာ ၄ သို့ ⇨**

⇨ စာမျက်နှာ ၃ မှအဆက်

မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်လျှင် ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်တင်ပြရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် -

(၁) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၃)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

၃၁-ဂ။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) မိမိလုပ်ငန်းတွင် ကူးစက်ရောဂါဖြစ်ပွားကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရပါက ဦးစီးဌာနသို့ အမြန်ဆုံး အသိပေးအကြောင်းကြားရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အသိပေးအကြောင်းကြားပြီးနောက် ဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်။"

၁၃။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၃၇ ခြေဆင်း၊ ပုဒ်မ ၃၇ ပုဒ်မခွဲ(ဂ) နှင့် (ဃ)၊ ပုဒ်မ ၄၂၊ ၄၃ နှင့် ၄၈ တို့၏ ခြေဆင်းတွင်ပါရှိသော "ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်" ဆိုသည့်စကားရပ်ကို "ခွင့်ပြုလက်မှတ်၊ ထောက်ခံချက်လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၄။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၄၂ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၄၄ နှင့် ၄၉ တို့တွင်ပါရှိသော"သားသတ်ရုံတည်ထောင်ခြင်း"နှင့် "သားသတ်ရုံတည်ထောင်ခြင်းလုပ်ငန်း"ဆိုသည့် စကားရပ်တို့ကို "သားသတ်ရုံလုပ်ငန်း"ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၁၅။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၅၃ ၏နောက်တွင် ပုဒ်မ ၅၃ - က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၅၃-က။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ ဝန်ဆောင်ခနှင့်အခြားအခကြေးငွေ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။"

၁၆။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၅၅ ၏ နောက်တွင် ပုဒ်မ ၅၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၅၅-က။ ဤဥပဒေဖြင့် ရုပ်သိမ်းသော တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသောလူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၅**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ လက်ခံရယူမည့် ကာယကံရှင်များနှင့် မိသားစုဝင်ကိုယ်စားလှယ်များတက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဝဏ္ဏကျော်ထင်ဘွဲ့တံဆိပ်ရရှိသူများဖြစ်သည့် ဦးဝင်းကို(ငြိမ်း) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ဦးစိုးမြင့်သံအမတ်ကြီး(ငြိမ်း)၊ အမျိုးသားစာပေတစ်သက်တာဆုရှင်၊ ဒေါက်တာသန်းဦး (ပြည်စိုးမင်း)(ကွယ်လွန်) ကိုယ်စား သမီးဖြစ်သူ ဒေါက်တာယုယုမိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ဒေါက်တာဒေါ်မြင့်ကြည် (ငြိမ်း)၊ ဦးဝင်းကြည်(ငြိမ်း)၊ တရားသူကြီးချုပ်များဖြစ်သော ဦးဝင်းမြင့်ကျော်(ငြိမ်း)၊ ဦးကျော်လင်းမောင်(ငြိမ်း)၊ သံအမတ်ကြီးများဖြစ်သော ဦးလင်းမြိုင်(ငြိမ်း)၊ ဦးဝင်းလွင်(ငြိမ်း) တို့အား ဘွဲ့တံဆိပ်နှင့်ဘွဲ့လက်မှတ်များကို လက်ဝယ်အရောက်အပ်နှင်းပေးအပ်ခဲ့သည်။

အဆိုပါဂုဏ်ထူးဆောင်ဘွဲ့များအပ်နှင်းခြင်းအခမ်းအနားကို အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိသည့် ဘွဲ့ခံပုဂ္ဂိုလ်များရှိသည့်အတွက် ယနေ့တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဘွဲ့များလက်ခံရယူနိုင်မည့်ကာယကံရှင် ဆရာတော်များထံ လက်ရောက်ဆက်ကပ်၍လည်းကောင်း၊ လူပုဂ္ဂိုလ်မိသားစုဝင်များထံ လက်ရောက်ချီးမြှင့်၍လည်းကောင်း အပ်နှင်းကြသည်။ ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒအားဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်၍ သီရိပျံ့ချီဘွဲ့ရရှိသည့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ကထိက ပဋ္ဌိပတ္တိမဟာဌာနမှ ဆရာတော် ဒေါက်တာဘဒ္ဒန္တအာစိဏ္ဏအား လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဘွဲ့တံဆိပ်နှင့် ဘွဲ့လက်မှတ်များအားလည်းကောင်း၊ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ မော်ကွန်းထိန်းဆရာတော် ဘဒ္ဒန္တသုမနအား သီရိပျံ့ချီဘွဲ့တံဆိပ်၊ ဘွဲ့လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအားလည်းကောင်း ဆက်ကပ်ကြသည်။

ဆက်လက်၍ ရန်ကင်းမြို့နယ်မှအလင်္ကာကျော်စွာဘွဲ့ရရှိသည့် အမျိုးသားစာပေတစ်သက်တာဆုရှင် ဒေါ်ခင်သန်းဝင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူများဖြစ်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ တရားသူကြီးချုပ်(ငြိမ်း) ဦးမြင့်ဝင်း၊ သဃ်န်းကျွန်းမြို့နယ်မှ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး(ငြိမ်း)ဦးသိန်းဟန်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဗိုလ်မှူးကြီးအောင်ဒင်၊ တာမွေမြို့နယ်မှ ကော်မရှင်အဖွဲ့ဝင် ဦးသိန်းမြင့်၊ ပုဇွန်တောင်မြို့နယ်မှ အလင်္ကာကျော်စွာဘွဲ့ရရှိသည့် အမျိုးသားစာပေတစ်သက်တာဆုရှင် ဦးချစ်စံ(ချစ်စံဝင်း)နှင့် ဗဟန်းမြို့နယ်မှ သူရဘွဲ့ရရှိသည့် ဒုတိယဗိုလ်မှူးကြီးတင့်လွင်စိုး ကိုယ်စား ဇနီးဖြစ်သူတို့၏ နေအိမ်တို့သို့သွားရောက်၍ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် ဘွဲ့လက်မှတ်တို့အား လက်ဝယ်အရောက်ချီးမြှင့်အပ်နှင်းကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

---

**၁၅-၁-၂၀၂၅ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး**
**(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၃၈၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**သတ်မှတ်ရေးကော်မတီ**

# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန်မြို့၌ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှကြီးမှူးကျင်းပသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲများကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲမှ Junior အဆင့်နှင့် ဝါသနာရှင်အဆင့် (အမျိုးသမီး) ပြိုင်ပွဲများကို ဖေဖော်ဝါရီလ ၅ ရက်မှ ၇ ရက်အထိ ဥက္ကလာဂေါက်ကွင်း၌လည်းကောင်း၊ Tour Pro နှင့် Senior Pro အဆင့်ပြိုင်ပွဲများကို ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၀ ရက်အထိ ငွေသော်တာဂေါက်ကွင်း၌လည်းကောင်း၊ ဝါသနာရှင်အဆင့်၊ သက်ကြီးတန်းဝါသနာရှင်အဆင့်ပြိုင်ပွဲများကို ဖေဖော်ဝါရီလ ၂၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

Junior အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမျိုးသား ၁၂ နှစ်အောက်သက်တမ်း၊ ၁၄ နှစ်အောက်သက်တမ်း၊ ၁၈ နှစ်အောက်သက်တမ်းနှင့် အမျိုးသမီး ၁၈ နှစ်အောက်သက်တမ်းဟူ၍ကျင်းပသွားမည်ဖြစ်ပြီး ဝါသနာရှင်အဆင့်တွင် (အမျိုးသား)(H'cap 0–12) အဆင့်နှင့်(အမျိုးသမီး) (H'cap 0–18) ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲကို R&A Rule Limited/ နှင့် USGA တို့၏ Rule of Golf 2023 ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲစာရင်းပေးသွင်းမှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ထပ်မံကြေညာပေးသွားမည်ဖြစ်သည်။

(၅၀၀)

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၄/၂၀၂၄-၂၀၂၅) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတက်ရောက်ပြီး ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲပြုလုပ်နိုင်ရေးအတွက် ပြခန်းများတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး





နေပြည်တော် ဇန်နဝါရီ ၁၅

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၄/၂၀၂၄-၂၀၂၅)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)အစည်းအဝေးခန်းမ၌ကျင်းပရာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် နိုင်ငံတော်၏ စက်ပစ္စည်းကဏ္ဍနှင့်ပတ်သက်၍ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက် ကောင်းမွန်သည့်အထောက်အပံ့ဖြစ်စေရန် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ မူဝါဒ၊ လုပ်ငန်းတာဝန်များနှင့်အညီ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် အဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် လိုအပ်ကြောင်း၊ ပြည်တွင်း၌ လျှပ်စစ်များကို ပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် လိုအပ်သည့် စက်ပစ္စည်းများ၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သော စက်ပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများ ထပ်မံဖြည့်တင်းရန်ရှိပါက ကော်မတီသို့တင်ပြလျှင် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးနိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာကော်မတီဝင်နှင့် ဝန်ကြီးဌာနကိုယ်စားလှယ်များက ဝန်ကြီးဌာနများက တင်ပြသည့်အမှုတွဲများကို ရှင်းလင်းတင်ပြကြပြီး တင်ပြသည့်အမှုတွဲများနှင့်ပတ်သက်၍ ဆွေးနွေးအတည်ပြုကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးသည် မုခ်ဦးနှင့် ပြခန်းတည်ဆောက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့်အတူ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲပြုလုပ်နိုင်ရေးအတွက် ပြခန်းများတည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် ဝန်ကြီးဌာနပြခန်းများ၊ ရိုးရာအစားအစာဆိုင်ခန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်၊ MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို MSME လုပ်ငန်းများ အောင်မြင်စေရေးနှင့် ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိစေရေး၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

# ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၁၅

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့မွန်းလွဲပိုင်းတွင် ကယားပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစိန်ဦး၊ တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်တက္ကသိုလ်ပင်မဆောင် ပြန်လည်ပြုပြင်ရန် လိုအပ်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။


ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းဝင်းအတွင်းရှိ ဘွဲ့နှင်းသဘင်ခန်းမ၊ စာကြည့်တိုက်၊ စာသင်ဆောင်၊ အိပ်ဆောင်၊ ဝန်ထမ်းဆောင်များ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးစားပေးအဆင့်လိုက် ခွဲခြားဆောင်ရွက်နိုင်ရေးနှင့် တက္ကသိုလ်ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် လွိုင်ကော်ပညာရေး ဒီဂရီကောလိပ်၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်လည်းကောင်း၊ ပြည်နယ်ပညာရေးမှူးရုံး၌ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့်လည်းကောင်း၊ လွိုင်ကော်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့်လည်းကောင်း ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အမှာစကားပြောကြားပြီး တက်ရောက်လာသူများ၏ လိုအပ်ချက်တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ၏စတုတ္ထမြောက် DTH ရုပ်သံလိုင်း MYANSAT ထုတ်လွှင့်မှု စတင်ဖွင့်လှစ်ခြင်းအခမ်းအနားကျင်းပ






နေပြည်တော် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ၏စတုတ္ထမြောက် DTH ရုပ်သံလိုင်းအသစ်ဖြစ်သည့် MYANSAT DTH ရုပ်သံလိုင်းထုတ်လွှင့်မှု စတင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့်အနုပညာရှင်များတက်ရောက်ကြသည်။

ဦးစွာ ပင်မအဆောက်အအုံရှိ Auditorium ခန်းမ၌ MYANSAT DTH ရုပ်သံလိုင်းစတင်ထုတ်လွှင့်မှု ဖွင့်လှစ်ခြင်းအခမ်းအနားကို Animation ဖြင့် ဖွင့်လှစ်ပြသပြီး "အသစ်အဆန်းများဝေဆာ DTH ကမ္ဘာ" အမည်ပေးထားသည့် Video Clip ပြသမှုကို ဆက်လက်၍ ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူချိန်ဖြစ်သော ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၆) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် MRTV DTH အခမဲ့ရုပ်သံလွှင့်စနစ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် တက်ရောက်ပြီး စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း၊

ယနေ့တွင်မြန်မာနိုင်ငံ၏စတုတ္ထမြောက် DTH စနစ်ဖြင့်ရုပ်သံထုတ်လွှင့်မည့် MYANSAT DTH ကို စတင်ဖွင့်လှစ်ပေးမည်ဖြစ်ရာ ပြည်သူများအနေဖြင့် အရည်အသွေးပြည့်ဝသည့် ရုပ်သံလိုင်းများစွာကို စိတ်ကြိုက်ရွေးချယ်ပြီး ကြည့်ရှုနားဆင်ခွင့်များပိုမိုတိုးမြှင့်ရရှိကြမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းရှိ မိဘပြည်သူများအတွက် သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတများအပြင် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာ ဝန်ဆောင်မှုပေးမည့်၊ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့ပြီး စိတ်ခွန်အားသစ်များ ပေးစွမ်းနိုင်မည့်၊ ဆန်းသစ်သည့် နိုင်ငံတကာ နည်းပညာများနှင့် ပြည်သူတို့၏လူမှုစီးပွားဘဝတို့ ဆုံမှတ်နေရာတစ်ခုဖြစ်သော ပေါင်းကူးတံတားပုံစံဖြင့် ဝန်ဆောင်မှုပေးမည့် MYANSAT DTH ရုပ်သံလိုင်းအသစ် ဖွင့်လှစ်နိုင်မှုအပေါ် ဂုဏ်ယူဝမ်းမြောက်စွာကြိုဆိုအားပေးကြောင်း ပြောကြားသည်။

ယင်းနောက် Borderless Broadcast Co.,Ltd. မှ CEO ဦးသုတဇော်က MYANSAT DTH Product နှင့် MYANSAT App အကြောင်းရှင်းလင်းတင်ပြပြီး Lao Asia Pacific Satellite Co.,Ltd. မှ Deputy CEO မစ္စတာလီကျိုးရွမ်က ဂုဏ်ယူဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ Borderless Broadcast Co.,Ltd. CEO နှင့် Lao Asia Pacific Satellite Co.,Ltd. မှ Deputy CEO တို့က MYANSAT DTH ရုပ်သံလိုင်းထုတ်လွှင့်မှုကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကုမ္ပဏီ CEO ဦးသုတဇော်က ပြည်ထောင်စုဝန်ကြီးအား MYANSAT DTH စတင်ဖွင့်လှစ်မှု အထိမ်းအမှတ်လက်ဆောင်ကိုလည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ထံ MRTV DTH အခမဲ့ဝန်ဆောင်မှုရုပ်သံထုတ်လွှင့်မှုစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အသုံးပြုရန် MRTV DTH စက်ပစ္စည်းအစုံ ၃၀၀၀ ကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ CEO ဦးသုတဇော်က MYANSAT DTH စက်ပစ္စည်းများဖြန့်ဖြူးရေးအတွက် Authorization Letter များကို အရောင်းကိုယ်စားလှယ်သုံးဦးထံလွှဲပြောင်းပေးအပ်ပြီး MYANSAT DTH စတင်ဖွင့်လှစ်မှု အထိမ်းအမှတ်လက်ဆောင်များကိုဧည့်သည်တော်များထံ လိုက်လံပေးအပ်သည်။

ယင်းနောက် MRTV Orchestra နှင့်တွဲဖက်၍ နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် Lဆိုင်းဇီ၊ မိုးသောက်၊ အေးမြဖြူ ပူစူးနှင့် အိုင်းရင်းဇင်မာမြင့်တို့က သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က MRTV Orchestra နှင့်အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်သည်။

ယနေ့စတင်ဖွင့်လှစ်ခဲ့သည့် MYANSAT DTH အမည်ဖြင့် ရုပ်သံလိုင်းများထုတ်လွှင့်မည့် Borderless Broadcast Co., Ltd. သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပူးပေါင်း၍ DTH စနစ်ဖြင့် ရုပ်သံလိုင်းများထုတ်လွှင့်နိုင်ရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်ရယူဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၅ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့်သဘောတူစာချုပ်ချုပ်ဆို၍ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၅ ရက်မှစပြီး နိုင်ငံတစ်ဝန်းသို့ စမ်းသပ်ထုတ်လွှင့်ခဲ့ရာမှ ယနေ့တွင် အခမ်းအနားကျင်းပကာ စတင်ထုတ်လွှင့်ခြင်းဖြစ်သည်။

MYANSAT DTH အနေဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာထုံးတမ်းအစဉ်အလာများ၊ သဘာဝသယံဇာတများ၊ ပြည်တွင်းသတင်းနှင့် နိုင်ငံတကာဖျော်ဖြေရေးအစီအစဉ်များကို အများပြည်သူကြည့်ရှုနိုင်ရန်အတွက် ဝန်ဆောင်မှုပေးနေသည့် ဖျော်ဖြေရေးမီဒီယာများနှင့် ပူးပေါင်းကာ နိုင်ငံတကာအဆင့်မီ ရုပ်သံအစီအစဉ်များ၊ ရသမျိုးစုံ၊ ဗဟုသုတမျိုးစုံ ပေးစွမ်းနိုင်မည့် နိုင်ငံတကာရုပ်သံလိုင်းများစွာကို Package နှစ်မျိုးခွဲခြား၍ ရုပ်သံလိုင်း ၉၈ လိုင်းပါဝင်သော MYANSAT DTH Package (1) နှင့် ၁၇၆ လိုင်း ပါဝင်သော Package (2) တို့ဖြင့် ထုတ်လွှင့်ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပရိသတ်များအနေဖြင့် မြန်မာရုပ်သံလိုင်းများကို စုံလင်စွာရွေးချယ်ကြည့်ရှုနိုင်ရန် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများဖြစ်သည့် MRTV HD, MRTV News, MRTV Parliament, MRTV NRC, MRTV Farmers', MRTV Sport, MITV နှင့် Education Channel ဟူသည့် ရုပ်သံလိုင်းရှစ်လိုင်းအပြင် Fortune, Channel-K, 5-plus, YTV, MAHAR, MAHAR ESPORTS ရုပ်သံလိုင်းများကိုလည်း ထည့်သွင်းပြသမည်ဖြစ်ကြောင်းနှင့် အခြားပုဂ္ဂလိက Channel များ ဆက်လက်ထည့်သွင်းပြသနိုင်ရန်နှင့် ကိုယ်ပိုင်ရုပ်သံလိုင်းများထုတ်လုပ်၍ တင်ဆက်နိုင်ရန်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ MYANSAT DTH ၏ ရုပ်သံအစီအစဉ်များကို Mobile Phone များပေါ်မှလည်း နေရာဒေသမရွေး၊ အချိန်မရွေး ကြိုက်နှစ်သက်ရာရွေးချယ်ကြည့်ရှုနိုင်မည့် MYANSAT Application ဖြင့်လည်း ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

MYANSAT DTH အမည်ဖြင့် ဆောင်ရွက်သည့် BBTV ကုမ္ပဏီအနေဖြင့် MRTV DTH Free To Air အခမဲ့ဝန်ဆောင်မှုစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စက်ပစ္စည်းအသစ် အစုံ ၁၀၀၀၀ ကို သုံးနှစ်အတွင်း ထောက်ပံ့ပေးအပ်မည်ဖြစ်ရာ ယနေ့အခမ်းအနားတွင် စက်ပစ္စည်းအသစ်အစုံ ၃၀၀၀ ကို ဦးစွာပေးအပ်ခြင်းဖြစ်သည်။

BBTV ကုမ္ပဏီအနေဖြင့် China Rocket ကုမ္ပဏီလီမိတက်၊ Laosat ကုမ္ပဏီလီမိတက်တို့နှင့်ပူးပေါင်းပြီး Laosat 1 Satellite ကို အသုံးပြုကာ China Aerospace Science and Technology Corporation (CASC) ၏ Multi Village Plan၊ Sky Star Class Room Plan တို့ဖြင့် မြန်မာနိုင်ငံ နယ်စပ်ဒေသအထိ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာအသိပညာ၊ လူငယ်များအတွက် ပညာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရန်၊ ဆင်းရဲမှုများလျှော့ချနိုင်ရန်၊ နှစ်နှစ်အတွင်း မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၄၂ ရွာမှ ကျေးရွာပေါင်း ၁၀၀ အထိ MYANSAT DTH စက်ပစ္စည်းများအပြင် TV နှင့် Solar စနစ် Battery များကို အဆင့်လိုက် တိုးချဲ့လှူဒါန်းနိုင်ရန် China AID အကူအညီရယူပြီး စီမံဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ (၅၀၀)

# မြစ်ကြီးနားမြို့၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၁၅

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက "ကြိုဆိုပါသည် စုံညီပွဲတော်" သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများကိုလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် လုပ်သက်အရပင်စင်ယူသော်လည်း နိုင်ငံ့တာဝန်များကို ပညာသင်နှစ် ၁ နှစ်ပြီးဆုံးအောင် ဆက်လက်သင်ကြားပေးလျက်ရှိသော ဆရာမ ၂ ဦးနှင့် ပြည်နယ်အဆင့် လူမှုထူးချွန်ဆုရရှိသော ဆရာမ ၁ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်းပေးအပ်ကာ ကျောင်းသား၊ ကျောင်းသူများ၏သီဆို၊ကပြဖျော်ဖြေမှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး ပြည်နယ်အဆင့် လူမှုထူးချွန်ဆုရရှိသော ဆရာမတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

# တောင်ကြီးမြို့ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးဓမ္မာရုံ၌ မဟာပန်းလည်တိုင်စိုက်ထူခြင်းနှင့် အလှူငွေပေးအပ်ပွဲကျင်းပပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးဓမ္မာရုံ၌ မဟာပန်းလည်တိုင်စိုက်ထူခြင်းနှင့် အလှူငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်သြဝါဒါစရိယ တောင်ကြီးမြို့ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂမဟာဘိဝံသအမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးဓမ္မာရုံ၌ မဟာပန်းလည်တိုင်စိုက်ထူခြင်းနှင့်အလှူငွေပေးအပ်ပွဲကျင်းပစဉ်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များထံ ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ချည်နှင့် ပရိတ်ကျောက်များကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ချည်နှင့် ပရိတ်ကျောက်များကို စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း အရှေ့အရပ်မှစတင်ကာ လက်ယာရစ်ပက်ဖျန်းချည်နှောင်ကြကာ ပန်းလည်တိုင်အမှတ်(၁/၂)တို့ကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က စေတီတော်မတည်အလှူငွေပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တောင်ကြီးမြို့၊ သိမ်တောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် မဟာပန်းလည်တိုင်အမှတ်(၁/၂)တို့ကို ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား လက်ယာရစ် ၃ ပတ်လှည့်လည်ပူဇော်ကြပြီး အဆင့်ဆင့်ပင့်ဆောင်၍ စိုက်ထူတင်လှူကြကာ မဟာပန်းလည်တိုင်အား နံ့သာရည်များ ပက်ဖျန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပြည်တွင်းသတင်းမီဒီယာများ တွေ့ဆုံ



ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပြည်တွင်းရှိ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အွန်လိုင်းမီဒီယာများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ကျင်းပသည်။

တွေ့ဆုံပွဲတွင်မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ(၁) ဦးခင်မောင်ဇော်နှင့် ဒုတိယဥက္ကဋ္ဌ(၂) ဦးခင်မောင်ကျော်ဒင်တို့က မီဒီယာဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာဆက်ဆံရေး ကဏ္ဍဆိုင်ရာများ၊ ပြည်တွင်းသတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် မီဒီယာအဖွဲ့ ၄၁ ဖွဲ့မှ သတင်းမီဒီယာသမားများက မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအကြံပြုချက်များကို ဆွေးနွေးကြရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ နေပြည်တော်မှုခင်းနှင့် သတင်းစုံအွန်လိုင်းအေဂျင်စီမှ ငွေကျပ် ၁၀ သိန်း လှူဒါန်းသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ ဥပဒေရေးရာကော်မတီ၊ သတင်းမီဒီယာကျင့်ဝတ်နှင့်သတင်းမီဒီယာသမားများအကာအကွယ်ပေးရေးကော်မတီ၊ စာရင်းစစ်ကော်မတီ၊ ဘဏ္ဍာရေးကော်မတီ၊ အငြင်းပွားမှုနှင့် တိုင်ကြားမှုများညှိနှိုင်းဖြေရှင်းရေးကော်မတီ၊ ပြန်ကြားရေးကော်မတီ၊ သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့ကို ဖွဲ့စည်းထားပြီး သတင်းမီဒီယာကို စောင့်ကြည့်ခြင်းနှင့် အရည်အသွေးမြှင့်တင်ပေးခြင်း၊ သတင်းမီဒီယာလုပ်ငန်းသုံးပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေးခြင်း၊ သတင်းမီဒီယာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် ဟောပြောပွဲများ စီစဉ်ကျင်းပပေးခြင်း၊ သက်ဆိုင်ရာထူးချွန်သူများကို ဆုချီးမြှင့်ရေးအတွက် စာနယ်ဇင်းအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် သတင်းမီဒီယာလုပ်ငန်းများ တိုးတက်ရေးအတွက် စီမံချက်များ ရေးသားဖော်ဆောင်ခြင်းစသည့် အဓိကလုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ် အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

နေပြည်တော် ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့်တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ၌တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ကော့မှူးမြို့နယ်၊ သမင်ခြံကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ သမင်ခြံကျေးရွာရှိဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ သမင်ခြံကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၆၂ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ဆီးချို၊ သွေးချိုရောဂါ၊ မျက်စိရောဂါ၊ အရေပြားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဆေးဖက်ဝင် ရှားစောင်းလက်ပပ်



ဆေးဖက်ဝင်အပင်အဖြစ် လူသိများသော ရှားစောင်းလက်ပပ်ကို မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံအတော်များများ၌ ဆေးဝါးများတွင် ထည့်သွင်းအသုံးပြုရန် စိုက်ပျိုးလေ့ရှိကြသည်။ အထူးသဖြင့် အာဖရိက၊ အိန္ဒိယနှင့် ပူပြင်းခြောက်သွေ့သောအရပ်ဒေသများ၌ ရှင်သန်ကြီးထွားနိုင်စွမ်းမြန်သည်။

အဆိုပါနိုင်ငံများ၌ ရှားစောင်းလက်ပပ်ကို အခြောက်လှန်း၊ အမှုန့်ကြိတ်ကာ ရေနွေးဆူဆူတွင် ခတ်သောက်ခြင်း၊ ပါးပါးလှီး၊ ကြိတ်၍ ပိတ်စပါးပါးဖြင့် အရည်ညှစ်ချပြီး ဆူအောင်တည်ကာ သကြား သို့မဟုတ် ပျားရည်ထည့်၍ ကျိုချက်သောက်ခြင်းတို့အပြင် အသင့်သောက်ဖျော်ရည်ဘူးများထုတ်လုပ်ကြသည်။ ထို့ပြင် အလှကုန်ပစ္စည်းအမျိုးမျိုးတွင်လည်း ထည့်သွင်းထုတ်လုပ်ကြသည်။

### ပြည်ပဝင်ငွေရရှိသော မြန်မာ့ရှားစောင်းလက်ပပ်ချက်ဆေး

မြန်မာနိုင်ငံ၌ ရှေးအစဉ်အဆက်မှစ၍ အိမ်သုံးဆေးဝါးအဖြစ်အသုံးပြုသည့် သဘာဝရှားစောင်းလက်ပပ်ချက်ဆေးများကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များအထိ တင်ပို့ရောင်းချလျက်ရှိသည်။ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ထနောင်းခလုကျေးရွာမှထုတ်လုပ်သည့် သဘာဝရှားစောင်းလက်ပပ်ချက်ဆေးမှာ ပြည်တွင်းဈေးကွက်တွင်သာမက ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ တရုတ်နိုင်ငံတို့အထိ တင်ပို့ရောင်းချနေရသည်။ အဆိုပါဒေသသည် မိုးခေါင်ရေရှားပြီး ပူပြင်းခြောက်သွေ့သည့်ဒေသဖြစ်သဖြင့် ရှားစောင်းလက်ပပ်ချက်ဆေး၏ ကုန်ကြမ်းများဖြစ်ကြသော ရှားစောင်းလက်ပပ်၊ ထန်းဖိုထန်းလျက်၊ ဆီးပျားရည်တို့ကို အလွယ်တကူ ပေါများစွာရရှိနိုင်သည့်ဒေသဖြစ်ရာ ချက်ဆေးပြုလုပ်ရန် အဆင်ပြေကြောင်း သိရသည်။

ရှားစောင်းလက်ပပ် ချက်ဆေးတာရှည်ခံစေရန် လှီးထားသည့်ရှားစောင်းလက်ပပ်များကို တစ်နေကုန်နေလှန်းပြီးမှ ထန်းလျက်၊ ဆီးပျားရည်၊ မန်ကျည်းမှည့်၊ စမုန်မျိုးငါးပါး၊ နှမ်းနက်ဆီတို့ထည့်၍ ရေ(အရည်)ကုန်သည်အထိ မီးကိုလိုအပ်သလို အတိုးအလျှော့ထားကာ ကျိုချက်ရသည်။ ရှားစောင်းလက်ပပ်ချက်ဆေးတစ်ဒယ်တွင် ရှားစောင်းလက်ပပ်ခြောက်ပိဿာ၊ ထန်းလျက်လေးပိဿာ၊ မန်ကျည်းမှည့် တစ်ပိဿာ ၂၅ ကျပ်သား၊ ပျားရည် ၁၀ ကျပ်သား၊ နှမ်းနက်ဆီ ၅၀ ကျပ်သား၊ စမုန်မျိုးငါးပါး ၁၀ ကျပ်သားကို အချိုးကျထည့်၍ ကျိုချက်ရသည်။ အသုံးပြုသည့်ကုန်ကြမ်းများမှာ သဘာဝအော်ဂဲနစ်စစ်စစ်များဖြစ်သည်။

### စီးပွားဖြစ်စိုက်ပျိုးနည်း

ရှားစောင်းလက်ပပ်ပင်ကို မြေနီ၊ မြေကျစ်၊ မြေပွမျိုးများတွင် အစိုဓာတ်အသင့်အတင့်ရရှိရုံဖြင့် စိုက်ပျိုးနိုင်သည်။ မြေပေါ်ချစိုက်သောအပင်က ပန်းအိုးထဲထည့်စိုက်သည့်အပင်ထက် ပို၍အပေါက်မြန်ပြီး ကြီးထွားသန်မာသည်။ လေဝင်လေထွက်ကောင်းသော မြေအမျိုးအစားနှင့် ရေစီးဆင်းမှုလွယ်ကူပြီး ရေဓာတ်သိုမှီးထားနိုင်သောမြေမျိုးတွင် ဖြစ်ထွန်းမှုမြန်ဆန်သည်။ ယင်းမြေတွင် သဲကြမ်းအနည်းငယ်၊ သစ်ရွက်ဆွေးအနည်းငယ်၊ မီးသွေးမှုန့်အနည်းငယ် ရောနှောစိုက်ပျိုးရသည်။ အပင်ခြေရင်းတွင် ပြာအနည်းငယ်ပုံပေးပါက ဖြစ်ထွန်းလွယ်သည်။ တစ်ပင်နှင့်တစ်ပင် ငါးပေခြားစိုက်ပျိုးပြီး တစ်နှစ်သားအရွယ်တွင် အလက်များသန်မာထွားကျိုင်းကာ ဖြစ်ထွန်းအောင်မြင်လာသည်။ အဓိကအားဖြင့် နေရောင်ခြည်ကောင်းစွာရတတ်သော အရှေ့အရပ်နှင့် တောင်အရပ်တို့က ရှားစောင်းလက်ပပ်ပင်စိုက်ပျိုးသင့်သော နေရာကောင်းဖြစ်သည်။

### ရေကြိုက်ပင်မဟုတ်၍ ရေလျှော့လောင်းသင့်

ရှားစောင်းလက်ပပ်ကို သားတက်ခွဲစိုက်နည်းဖြင့်လည်း စိုက်ပျိုးနိုင်သည်။ အပင်မကြီး၏အမြစ်ကို မထိခိုက်စေဘဲ သားတက်ကို အမြစ်ပါနုတ်ယူပြီး စိုက်ပျိုးနည်းဖြစ်သည်။ ပထမဆုံးသားတက်ကိုနုတ်ယူပါ။ လေဝင်လေထွက်ကောင်းပြီး အရိပ်ရသောနေရာတွင် ရက်သတ္တပတ်ခန့် အခြောက်ခံထားပါ။ သေသေချာချာခြောက်ပြီဆိုလျှင် မြေပေါ်ရွှေ့စိုက်ပါ။ ချက်ချင်းရေမလောင်းရပါ။ အမြစ်များအသေအချာခိုင်လာမှ ရေလောင်းပါ။ မကြာမီ အပင်သစ်မှ အမြစ်ထွက်လာပါလိမ့်မည်။ အပင်သစ်၏ အရွက်အနည်းငယ် အဝါရောင်သန်းလာလျှင်လည်း စိတ်မပူပါနှင့်။ အမြစ်တဖြည်းဖြည်း ရှည်ထွက်လာချိန်တွင် အရွက်လည်း ပို၍သန်လာမည်။ ယင်းနောက်တွင် အရွက်က အစိမ်းရင့်ရောင်ပြောင်းလဲလာမည်။ ထိုအခါ အသေအချာစစ်ဆေးကြည့်ပြီးမှ ရေလောင်းပါ။

### ရှားစောင်းလက်ပပ်၏ အကျိုးကျေးဇူးများ

ရှားစောင်းလက်ပပ်ပင်ထဲတွင် ဖန်သားကဲ့သို့ကြည်လင်သော အဖြူရောင်ဂျယ်လီများ ပြည့်သိပ်နေပြီး ယင်းတွင် ရေဓာတ် ၉၉ ရာခိုင်နှုန်းခန့် ပါဝင်သည်။ ကျန် ၁ ရာခိုင်နှုန်းထဲတွင် ဗီတာမင်နှင့် သတ္တုဓာတ် အမျိုး ၂၀၊ အမိုင်နိုအက်စစ် ၁၈ မျိုး၊ phytonutrients နှင့် enzyme စသောဓာတ်ပေါင်းစု အမျိုးပေါင်း ၂၀၀ စီအသီးသီးပါရှိကြသည်။ ထို့ပြင် အပင်များတွင် တွေ့ရခဲသော ဗီတာမင် B-12 ကို ရှားစောင်းလက်ပပ်ထဲတွင် ရှားရှားပါးပါးတွေ့ရသည်။

ရှားစောင်းလက်ပပ်၏ သူမတူအောင် ဆေးဖက်ဝင်ပုံကို အောက်ပါအတိုင်း လေ့လာသိရှိနိုင်ပါသည်။


- ဂျယ်လီအနှစ်ကို မျက်ခွံပေါ်အုံပေးပါက မျက်စိနာ၊ မျက်စိကိုက်၊ မျက်စိပူစပ်၊ မျက်စိယားယံခြင်းတို့ ပျောက်ကင်းစေသည်။
- နားထဲတွင်အနာပေါက်ခြင်း၊ နားကိုက်ခြင်းနှင့် နားပိုးဝင်၍ ရောင်ကိုင်းခြင်းတို့အတွက် ရှားစောင်းလက်ပပ်ကို ၂ လက်မအရွယ်ခန့် လှီးဖြတ်ကာ အလယ်မှထက်ခြမ်းခြမ်းပြီးတစ်ခြမ်းစီကို နား၏ရှေ့နှင့်နောက်တို့တွင်ကပ်ပါ။ ဂျယ်လီအနှစ်များဖြင့် နားအပြင်မှ ပွတ်ပေးခြင်းဖြင့်လည်း ရောင်ကိုင်းမှုများလျော့ကာ နာကျင်ကိုက်ခဲမှုများ ယူပစ်သလိုပျောက်ကင်းစေနိုင်သည်။
- ရှားစောင်းလက်ပပ်ကို ဖျော်ရည်သောက်ခြင်း သို့မဟုတ် ပါးပါးလှီး၍ ဟင်းချက်စားခြင်းဖြင့် အမျိုးသမီးများ ဓမ္မတာမှန်စေကာ သားအိမ်သန့်စေသည်။ သွေးဆုံးပြီးနောက် မီးယပ်ရောဂါလည်း မဖြစ်နိုင်တော့ပေ။
- ရှားစောင်းလက်ပပ် ဂျယ်လီသည် အရေပြားကြမ်းကာ အနီအပိမ့်များထွက်ခြင်း၊ အရေပြားတွင် ရေအိတ်တည်ခြင်း၊ အပူလောင်ခြင်း၊ ဗက်တီးရီးယားနှင့် ပွေး၊ ညှင်း စသည့် အရေပြားရောဂါအမျိုးမျိုးတို့ကို သက်သာပျောက်ကင်းစေသည်။
- ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါရှိသဖြင့် အစာခြေစနစ်ကိုအားပေးကာ အစာအိမ်နာခြင်း၊ အစာမကြေခြင်းကို သက်သာစေသည်။ အထူးသဖြင့် အူမကြီးကင်ဆာ အပါအဝင် ကင်ဆာအကျိတ်များ ကြီးထွားလာမှုကိုရပ်တန့်စေသည်။ ကိုယ်တွင်းကိုယ်ပရောင်ရမ်းနာများဖြစ်သော အစာအိမ်ပြည်တည်နာများ၊ အသည်းရောင်ခြင်း၊ အူရောင်ခြင်းဝေဒနာတို့ကို လျော့ကျစေနိုင်သည်။
- သွေးထဲရှိ အောက်ဆီဂျင်ကို ကောင်းစွာလည်ပတ်စေပြီး ဆဲလ်များကို ခွန်အားဖြစ်စေသည်။
- အပင်ထဲရှိ Polysaccharide၊ Mannans၊ Anthraquinone နှင့် lectins စသော ဒြပ်ပေါင်းစုများသည် နှလုံးစွမ်းရည်ကို တိုးမြှင့်ပေးသည့်အပြင် သွေးတွင်း အဆီခဲ၊ သွေးခဲများ ပိတ်ဆို့ခြင်း၊ နှလုံးသွေးပျစ်ခြင်း စသောနှလုံးသွေးကြောပြဿနာများကို လွန်စွာကောင်းကျိုးပြုသည်။ ထို့ပြင် နှလုံးရောဂါနှင့်ဆက်စပ်သည့် လေဖြတ်ခြင်းကို ကာကွယ်ပေးသည်။
- သွေးဖိအားကို ထိန်းညှိပေးခြင်းကြောင့် သွေးတိုးရောဂါမဖြစ်နိုင်ပေ။
- အရေပြားပေါ်ရှိ ထိခိုက်ဒဏ်ရာများနှင့် ပိုးဝင်ခြင်းတို့ကို သက်သာပျောက်ကင်းစေသည်။ မီးလောင်နာ၊ အရေကြည်ဖုနာ၊ ထိခိုက်ရှနာ၊ နေလောင်ဒဏ်ရာ စသည်တို့ကို ရှားစောင်းလက်ပပ်တွင် ပါဝင်သော အောက်ဆီဂျင်ဓာတ်တစ်မျိုးကြောင့် အလိုလို ပြုပြင်ပေးနိုင်စွမ်းရှိသည်။ (သို့သော် ခွဲစိတ်ထားသည့် အနာချုပ်ရိုးများကို အနာကောင်းစွာ မကျက်သေးမီ ရှားစောင်းလက်ပပ် လုံးဝမလိမ်းပါနှင့်။ အနာကျက်နှေးစေသည်)
- ဂျယ်လီအနှစ်ကိုခြစ်ယူ၍ ဆန်ဆေးရည်တွင်စိမ်ပြီး သကြားထည့်သောက်ပါက ဆီးပူ၊ ဆီးအောင့်ရောဂါ ပျောက်ကင်းစေပြီး ဆီးကျောက်တည်ခြင်းမှ ကာကွယ်ပေးသည်။
- အသားဝါရောဂါရှိသူများ ရှားစောင်းလက်ပပ် ဂျယ်လီအနှစ်ကို စားပေးခြင်းဖြင့် ရောဂါသက်သာစေသည်။
- ဖျော်ရည်သောက်သုံးပေးခြင်းဖြင့် အအေးမိ၊ တုပ်ကွေးဖျားနာ၊ နှာခေါင်းပိတ်ခြင်း၊ လေပြွန်ရောင်ခြင်း၊ ရင်ပူခြင်း စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများကို ကောင်းစွာကုသပေးနိုင်စွမ်းရှိသည်။
- သွေးထဲရှိ ဂလူးကို့စ်ပမာဏကို ကျစေသဖြင့် ဆီးချိုရောဂါသည်များ ရှားစောင်းလက်ပပ်ဖျော်ရည်ကို သောက်သုံးသင့်သည်။
- ခံတွင်းထဲရှိ ဗက်တီးရီးယားပိုးမွှားများကို သေစေကာ သွားများကို ဖြူဖွေးသန့်စင် ခိုင်ခံ့စေပြီး သွားဖုံးကျန်းမာစေသည်။
- အပင်၏ Enzyme များတွင် ဝမ်းသက်စေသော အစွမ်းသတ္တိပါရှိခြင်းကြောင့် အူမကြီးနံရံရှိ အကျိအချွဲများကို တိုးပွားစေကာ အူကိုသန့်စင်စေပြီး ဝမ်းမချုပ်စေတော့ပါ။ (သို့သော်အပင်ကို အခြောက်ထား၍ ဝမ်းပျော့ဆေးအဖြစ် အမြဲစားသုံးလျှင် ဆေးမတိုးတော့ဘဲ အကျင့်ပါသွားတတ်သည်ကို သတိပြုပါ)
- ခေါင်းမလျှော်မီ ရှားစောင်းလက်ပပ်ဖြင့် ဦးရေပြားကိုပွတ်တိုက်ပေးခြင်းဖြင့် ဆံပင်ကျွတ်ခြင်း၊ ဆံပင်နှစ်ခွဖြစ်ခြင်းနှင့် ဆံပင်ကျိုးခြင်းတို့ကို သက်သာပျောက်ကင်းစေကာ သန်းနှင့်ဗောက်များ လုံးဝကင်းစင်စေသည်။
- ရှားစောင်းလက်ပပ်တွင် ရောင်ရမ်းနာများကို သက်သာစေသော သဘာဝဓာတ်ပစ္စည်း ၁၂ မျိုးပါရှိ၍ ဘေးထွက်ဆိုးကျိုး လုံးဝမရှိဘဲ အရိုး၊ အဆစ်အမျက်နာကျင်ကိုက်ခဲခြင်းကို သက်သာစေနိုင်သည်။ ထို့ပြင် ကြွက်သားများ တောင့်တင်းခြင်းကိုလည်း ပြေလျော့စေသည်။
- ကိုလက်စထရောကျစေပြီး အဆိပ်အတောက်ကင်းကာ ခန္ဓာကိုယ်ကို ပေ့ါပါးလန်းဆန်းစေသည်။
- ကော်ဖီနှင့် လက်ဖက်ရည် အလွန်အကျွံသောက်သုံးခြင်းကြောင့် ခန္ဓာကိုယ်အတွက် မလိုလားအပ်သော Oxalates ဓာတ်အန္တရာယ်မှ ကာကွယ်ပေးသည်။
- ညအိပ်ရာဝင်ခါနီး ရှားစောင်းလက်ပပ်ဂျယ်လီအနှစ်ကို မျက်နှာအနှံ့လိမ်းပေးပြီး မိနစ် ၂၀ အကြာတွင် ရေအေးနှင့် မျက်နှာသစ်ပေးပါက မိတ်ကပ်ကြေးညှော်များ ကင်းစင်ပြီး ချွေးပေါက်ပွင့်ကာ ဝက်ခြံ လုံးဝ မထွက်စေနိုင်ပေ။ ထို့ပြင် ရှားစောင်းလက်ပပ်တွင် ပါဝင်သော အောက်ဆီဂျင်ဓာတ်ကြောင့် အရေပြားပေါ်မှ ဆဲလ်များကို ပိုမိုသန့်စင်စေပြီး ချောမွတ်လှပစေသည်။ ဝက်ခြံသာမက တင်းတိပ်များကိုပါ သက်သာစေနိုင်ပြီး အသားအရေနုးညံ့လှပစေသည်။
- ရှားစောင်းလက်ပပ်ကို အစိမ်းလိုက်ဝါးစားပေးပါက အရက်နာရောဂါ ပျောက်ကင်းစေပြီး ပုံမှန်အတိုင်း ပြန်လည်လန်းဆန်းလာစေသည်။

### ရှားစောင်းလက်ပပ်ကို သက်စောင့်ဆေးအဖြစ် မှီဝဲနိုင်

အချုပ်ဆိုရသော် လူသားတို့၏ ခန္ဓာကိုယ်ကို ကျန်းမာစွာတည်ဆောက်နိုင်ရန် အမိုင်နိုအက်စစ် စုစုပေါင်းအမျိုး ၂၀ လိုအပ်လျက်ရှိရာ ၁၈ မျိုးကို ရှားစောင်းလက်ပပ်မှ တစ်ပြိုင်တည်းရရှိစေမည်ဖြစ်သည်။ သို့ပါ၍ မိမိတို့ခန္ဓာကိုယ်ကျန်းမာစေရန် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစုဝေးရာ သဘာဝအရင်းအမြစ်ဖြစ်သည့် ရှားစောင်းလက်ပပ်ကို သက်စောင့်ဆေးအဖြစ် မှီဝဲကြစေလိုကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ပေါက်ပေါက်**

# မန်းရွှေစက်တော်ဘုရားပွဲတော်ကာလ ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းကို ဖွင့်လှစ်သွားမည်



မင်းဘူး ဇန်နဝါရီ ၁၅

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ဘုရားကြီးအနီးရှိ ရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်းကို မန်းရွှေစက်တော် ဘုရားပွဲတော်နှင့်အတူ တစ်ဆက်တည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းကို မန်းရွှေစက်တော်ဘုရားကြီးအနီး ပဒေါင်း–ပျော်ဘွယ် ကြိုးပြင်ကာကွယ်တောအတွင်း၌ သဘာဝတောတောင် ရေမြေနှင့် စိမ်းစိုသာယာလှပသော သဘာဝရှုခင်း အလှများကိုအခြေခံ၍ မြန်မာ့သစ်လုပ်ငန်း၊ မင်းဘူး သစ်ထုတ်ရေးဒေသ၊ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး အခြေပြုခရီးသွားလုပ်ငန်းမှ ပြည်တွင်း/ပြည်ပ ခရီးသွား များအား ဆွဲဆောင်နိုင်စေရန်၊ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်နိုင်စေရန်နှင့် အစိမ်းရောင် စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက် နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ထားကြောင်း၊ ယခုနှစ် မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဖေဖော်ဝါရီလ ၂ ရက်မှ ဧပြီလ ၁၇ ရက်အထိ (တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်ထိ) ရက်ပေါင်း ၇၅ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

"ဆင်စခန်းကိုတော့ ယခုလက်ရှိမှာလည်း အဆက် မပြတ်ဖွင့်လှစ်ထားပြီး လာရောက်အပန်းဖြေလည်ပတ် တဲ့သူတွေကို ဆင်စီးရင်းတောတောင်ရေမြေနဲ့ စိမ်းစို သာယာလှပတဲ့ သဘာဝရှုခင်းအလှတွေကို ကြည့်ရှု ခံစားနိုင်စေဖို့နဲ့ မန်းချောင်းဘေး ဆင်များနဲ့အတူ ရေချိုးရင်းအပန်းဖြေအနားယူနိုင်စေဖို့အတွက် ကြိုတင် ပြင်ဆင်ဆောင်ရွက်နေပါတယ်။ ဒီနှစ်မှာ ဆင်စခန်းကို အဆင့်မြှင့်တင်မှုလုပ်ငန်းအနေနဲ့ Elephant Show ပွဲကြည့်စင်အသစ်တစ်ဆောင်ကို မန်းချောင်းအတွင်း ထပ်မံတိုးချဲ့ဆောက်လုပ်ထားပြီးတော့ ဆင်လိမ္မာ ကလေးတွေနဲ့အတူ ထူးခြားတဲ့ဧည့်ခံဖျော်ဖြေ တင်ဆက်မှုတွေလုပ်ဆောင်သွားမှာပါ။ ဒါ့အပြင် VIP တည်းခိုဆောင်အသစ်နှစ်လုံးကိုလည်း ထပ်မံတိုးချဲ့ ဆောက်လုပ်ထားပြီးတော့ ဆင်စခန်းကို လာရောက် လည်ပတ်သူတွေ သွားလာရေးလွယ်ကူချောမွေ့ အဆင်ပြေစေဖို့ ဆင်စခန်းအဝင်လမ်းကို တိုးချဲ့ပြုပြင် ဆောင်ရွက်ထားပါတယ်"ဟု ဆင်စခန်းတာဝန်ခံက ပြောသည်။

အဆိုပါဆင်စခန်းကို ဖွင့်လှစ်ချိန်အဖြစ် နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီအချိန်ထိ သတ်မှတ်ထား ကာ ဆင်စခန်းရှိတည်းခိုဆောင်များ၌ ညအိပ်တည်းခို နားနေနိုင်ကြောင်း၊ ဆင်စခန်းတွင် ဆင်ထီးငါးကောင်၊ ဆင်မရှစ်ကောင် စုစုပေါင်း ဆင် ၁၃ ကောင်ရှိပြီး တည်းခိုဆောင်အနေဖြင့် VIP တည်းခိုဆောင်လေးလုံး နှင့် ဘန်ဂလို ၁၁ လုံးရှိကြောင်း၊ ထို့ပြင် ဆင်စာ ဘူဖေးကို မိမိတို့တတ်နိုင်သောနှုန်းထားဖြင့် ဆင်စာ များဝယ်ယူကျွေးမွေးလှူဒါန်းနိုင်ကြောင်း၊ ရွှေစက် တော်မန်းချောင်းအပန်းဖြေဆင်စခန်းအပါအဝင် မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန၊ ဆင်ထိန်း သိမ်းစောင့်ရှောက်ရေးအခြေပြုခရီးသွားလုပ်ငန်း စခန်း ၂၂ ခုကိုဖွင့်လှစ်ထားရှိကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

## တိမ်ပွင့်ဦး ခူးမယ့်ဇာနည်

* မိုးယံကို ဆန်တက်
လှန်ထွက်စို့ညီညီ။
နှောင်တွဲအမှန်
ဆောင်ဖွဲ့သန် ချိန်ခွင်ထူးမှာ
အောင်ပွဲခံ တိမ်ပွင့်ဦး
ခူးမယ့်ဇာနည်။
လို့လနှင့် အရင်းတည်
ယုံကြည်ချက် မြင့်မား။
ကောင်းကင်ကျယ် ပြိုင်အစွမ်းနဲ့
ပေါင်းယှဉ်ရွယ် နိုင်အတွန်း
ပိုင်ကျွမ်းစေသား။

* အာကာပြင် ကြယ်စင်တန်း
တက်လှမ်းမယ့် သီအိုရီ။
အတတ် အသိ ပန်းကောင်းပန်ဖို့
မြတ်ကဝိ လမ်းကြောင်းမှန်က
မွေခံရမည်။
စိတ်ဓာတ်နဲ့စွမ်းရည်
ခိုင်ကျည်လို့ပြတ်သား။
ဘယ်တော့မှ နောက်မတွန့်တဲ့
စွန့်လွှတ် စွန့်စားစိတ်
ဦးထိပ်မှာထား။

* လေကြောင်းဆိုပညာကောင်း
ပန်းပေါင်းဖွဲ့ ကျောင်းမဟာ။
ဖြတ်သန်းလာ ခေတ်သမိုင်းတံတား
နှစ်ပိုင်းခြား အချိန်စုစည်းတော့
စိန်ရတု နီးလာ။
မျိုးဆက်သစ် ထုံဝတ်လွှာ
ဆုံချစ်စွာ ဆင့်ပွား။
လေသူရဲ ဇာနည်မော်တို့
ဘာမထီနော် ဆောင်ရည်အသွေးနဲ့
ထောင်ချီမွေးဖွား။

* အသက်ကို နှင်းကာအပ်
အတတ်လည်း ကျွမ်းအောင်သင်။
အကြင်နာ ယှဉ်ကာပေါင်းလေတဲ့
အစဉ်လာ ခင်စရာကောင်း
ကျောင်းမြတ် ခေါ်ချင်။
စာဆို့ရင် တစိမ့်စိမ့်နဲ့
သိမ့်သိမ့် တွေးမြင်။
လူငယ်တို့ လှမ်းကာဝင်
ထမ်းတာဝန် ဆိုပါစေပေ့။
မောင်မယ်သို့ ပန်းပမာသွင်
လန်းဖြာရွှင် နဂိုရေကြော့။
ထီလာမြေ အညာမြို့ဆီက
တမာတို့ လေအနွဲ့မှာ
အဆွေဖွဲ့ကာ ပြောသလိုထင့်
သဘောအဆို မပျက်နှောင်ထားတဲ့
မနောချို လက်ဆောင်စကား
ပါးလိုက်မယ်နော့။ ။

မောင်လတ်(ကမ်းရိုးတန်း)

# ဓနုဖြူမြို့နယ်၌ ပလတ်စတစ်အိတ်သုံးစွဲမှု လျှော့နည်းစေရေး စစ်ဆေးဆောင်ရွက်

ဓနုဖြူ ဇန်နဝါရီ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက် အကူပြုစေရန် ပြည်သူများ ပလတ်စတစ် အိတ်သုံးစွဲမှု လျှော့နည်းစေရေးအတွက် အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်မသုံးစွဲရနေ့အဖြစ် သတ် မှတ်ထားရှိမှုကို လိုက်နာဆောင်ရွက်မှု ရှိစေရေး ကြီးကြပ်စစ်ဆေးခြင်းကို ဇန်နဝါရီ လ ၁၅ ရက် နံနက်ပိုင်းတွင် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး အတွင်း ဈေးရောင်းချသူများအနေဖြင့် အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တိုင်း သတ်မှတ်စည်းကမ်းများနှင့်အညီ ကြွပ်ကြွပ် အိတ်၊ ပလတ်စတစ်အိတ်များအစား အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူနှင့်အခြား သင့်လျော်ရာ အစားထိုးပစ္စည်းများဖြင့် ထုပ်ပိုးသုံးစွဲကြရန် လိုက်လံအသိပေး ခြင်းနှင့် လိုက်နာဆောင်ရွက်မှုရှိစေရေး မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်း များနှင့် ဈေးကော်မတီဝင်များက လိုက်လံကြီးကြပ် စစ်ဆေးဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

# ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအုပ်စု ဆင်လူးငန်းစပ်ကန်ရေသောက် နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးမည့် တောင်သူများအားတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအုပ်စု ဆင်လူးငန်းစပ်ကန်ရေသောက် နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးမည့် ဒေသခံတောင်သူ များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ဇလောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရ သည်။

အဆိုပါဆွေးနွေးပွဲတွင် ဥတ္တရခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်၊ ဥတ္တရသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးနိုင်၊ မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးမှူး ဦးနဲဒို၊ မြို့နယ် ဆည်မြောင်းဦးစီးဌာနဦးစီးမှူးဦးစိုးမင်းကြည်၊ ဇလောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေတို့က ဒေသခံတောင်သူများ အနေဖြင့် နွေစပါးနှင့် နွေသီးနှံအောင်မြင်စွာ စိုက်ပျိုးနိုင်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရေး၊ ရေမလွှတ်မီ ရေမြောင်းများ ကြိုတင်ရှင်းလင်းနိုင်ရေး ဆွေးနွေးပေးခဲ့ပြီး တက်ရောက်လာကြ သည့် ဒေသခံတောင်သူများ၏ ဆွေးနွေး တင်ပြချက်များအပေါ် သက်ဆိုင်ရာကဏ္ဍ များအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ပြန်/ဆက်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### ကျောင်းကြီး၏အရှိန်

လွန်ခဲ့သော နှစ်နှစ်ခန့်မှစ၍ ကျောင်းသားတို့ ကြုံရတတ်သော ဒုက္ခများမှ လွတ်မြောက်သလိုဖြစ်ခဲ့သော်လည်း ကျွန်ုပ်အဖို့ရာ၌ ခြောက်တန်းကျောင်းသား ဘဝ (၁၉၀၃ ခုနှစ်)မှာ မမေ့နိုင်ဆုံးသောအခြင်းအရာများဖြင့် ပြည့်နှက်လျက်ရှိ၏။ ကျောင်းသားတိုင်း (အထူးသဖြင့် ငယ်ရွယ်သူတိုင်း) သည် ကျောင်းတစ်ကျောင်းမှတစ်ကျောင်းသို့ ပြောင်းရွှေ့သင်ကြားရသည့်အခါ ရှုံ့တွန့်တွန့်ဖြစ်တတ်ခြင်းမှာ ဓမ္မတာပင်ဖြစ်သည်ထင်၏။ ကျွန်ုပ်အဖို့ရာ၌ကား ထိုမျှလောက်မက ထိတ်လန့်တုန်လှုပ်ဖွယ်ကြီးတစ်ခုပင်ဖြစ်ခဲ့ရသည်။ ပထမအချက်၌ ကျွန်ုပ်သည် ငယ်စဉ်က လူကြောက်တတ်၏။ (ကျွန်ုပ်၏ဖခင်မှာလည်း ထိုနည်းတူပင်ဖြစ်ခဲ့ရာ သားအဖနှစ်ယောက်စလုံးမှာ ကြီးပြင်းလာကြသောအခါတွင်မှ သူ့နည်းနှင့်သူ လူကြောက်တတ်သောရောဂါ ပျောက်ကင်းလာကြသည်။) ဒုတိယအချက်၌ ကျွန်ုပ်နေခဲ့ရသော ဗုဒ္ဓဘာသာကျောင်းမှာ ထိုစဉ်က ကျောင်းသားဦးရေ တစ်ရာခန့်မျှသာရှိသည့် အရပ်ကျောင်းကလေးသာဖြစ်ရာ အမေရိကန်ကျောင်းမှာမူ ကျောင်းသား ၃၀၀ ကျော်ရှိ၍ ကြီးကျယ်သောအဆောက်အအုံကြီးများ၊ အချွန်အတက်များနှင့် မြင့်မားလှသောဘုရားရှိခိုးကျောင်းကြီး၊ ကျယ်ဝန်းသောဝင်းကြီး၊ ဘောလုံးကွင်းကြီး စသည်တို့ဖြင့် ထည်ထည်ဝါဝါ၊ ခံ့ခံ့ညားညား၊ သားသားနားနားရှိလှသည်ဖြစ်သောကြောင့် အရပ်သားများ ဖြတ်သန်းသွားလာခြင်း မပြုဝံ့လောက်အောင် အရှိန်အစော်ကြီးလှသည်။ ထိုသို့သောကျောင်းကြီးသို့ ကျောင်းကလေးမှ ကျောင်းသားတစ်ယောက်ဖြစ်သည့် ကျွန်ုပ်ရောက်သွားသည့်အခါ မြေကြီးကိုပင် ရဲရဲမနင်းဝံ့လောက်အောင် ကြောက်ဒူးတုန်မိပါသည်။ (ဤသည်မှာ ဘုန်းကြီးကျောင်းသား၏ သဘာဝဖြစ်ဟန်တူ၏။ ဘုန်းကြီးကျောင်းသားများသည် ကျောင်းဝင်းထဲ၌ ဖိနပ်ချွတ်ကြရသည်။) တတိယအချက်၌ ခြောက်တန်းပြဆရာ ဆရာနိုင်မှာ ကျောင်းဆရာများအနက်တွင် နာမည်ကြီးတစ်ယောက်ဖြစ်၍ ရောမကျောင်းသားကြီးများကိုပင် 'မျဉ်းလုံး'နှင့်ရိုက်သည်ဟု ပြောသံကြားရ၏။ ကျွန်ုပ်မှာ ဗုဒ္ဓဘာသာကျောင်းတွင် နှစ်နှစ်ခန့် အရိုက်လွတ်ခဲ့သော်လည်း အရိုက်ခံရသောဝေဒနာနှင့်ပတ်သက်၍ (ကျောင်းရော အိမ်ပါ) အကျင့်ရခဲ့သူဖြစ်သဖြင့် ကြောက်လှအောင်မရှိသော်လည်း ရိုက်နေကျလူက ရိုက်ခြင်းမဟုတ်သည့်အတွက်ကြောင့် အလွန်ထိတ်လျက်ရှိ၏။ (နာကျင်ခြင်းအတူတူဖြစ်သော်လည်း 'မျက်နှာသိ'၏ ရိုက်ခြင်းနှင့် သူစိမ်း၏ ရိုက်ခြင်းတို့မတူပုံကို နားလည်ကောင်းမှ နားလည်ကြပေလိမ့်မည်။ ကျွန်ုပ်ကဲ့သို့ ရိုက်ခြင်းအမျိုးမျိုးခံရဖူးမှသာ နားလည်နိုင်လိမ့်မည်ထင်သည်။) သို့ဖြစ်ရကား ကျွန်ုပ်မှာ ကျောင်းအပ်ပြီး၍ ပထမဦးနေ့ ကျောင်းတက်ရသောနံနက်တွင် ၁၉၅၆ ခုနှစ်က ထောင်ထဲသို့ ဖမ်းခေါ်သွားသော နံနက်ထက်ပင် တုန်လှုပ်ချောက်ချားခြင်းဖြစ်ပါလေသည်။

### သမ္မာဒေဝနတ်

အမေရိကန်ကျောင်းသို့ပို့သောအခါ၌ ကျွန်ုပ်၏ အားကိုးကြီးတစ်ခုမှာ ငါ၏ 'သမ္မာဒေဝနတ်ကြီး' ကိုထွန်းလှတစ်ယောက်ရှိသည်ဟူသော အချက်ပင်ဖြစ်၏။ ကျွန်ုပ်သည် ကျောင်းတက်ရသော ပထမနေ့နံနက်၌ ရောက်လျှင်ရောက်ချင်း ကိုထွန်းလှကို လိုက်ရှာ၍တွေ့ရာ ကိုထွန်းလှသည် ကျွန်ုပ်ကိုမြင်ရ၍ ဝမ်းသာသော်လည်း ဗုဒ္ဓဘာသာကျောင်းမှာကဲ့သို့ ကျွန်ုပ်နှင့်တပူးတွဲတွဲလုပ်ချင်ဟန်မတူတော့ဘဲ သူနှင့်အတန်းတူရွယ်တူ ကျောင်းသားကြီးအချင်းချင်းသာ ပေါင်းသင်းချင်ပုံရသည်။ ကျောင်းသားအရွယ်တူချင်းများအနက်တွင်လည်း ကိုထွန်းလှသည် 'ဝိုင်းထိုင်ဆရာကြီး' ဖြစ်နေခြင်းကိုတွေ့ရ၏။ ဤသူကား မည်သည့်ပရိသတ်၊ မည်သို့သော လူစားမျိုးနှင့် ပေါင်းသင်းဆက်ဆံရသည်ဖြစ်စေ 'ခေါင်သူကြီး' ဖြစ်ရမည့်လူတစ်ယောက်ဟူ၍ ကျွန်ုပ်သိပြီးဖြစ်ပါသည်။ ကိုထွန်းလှသည် ကျွန်ုပ်မျှော်လင့်သကဲ့သို့ အကာအကွယ်ပေးနိုင်မည့်ပုံမရသော်လည်း 'အရေးအကြောင်းရှိလျှင် ငါ့ကိုပြော' ဟု မှာထားဖော်ရပေသဖြင့် အထိုက်အလျောက်အားရှိခဲ့မိသည်။

### ဓမ္မသီချင်းသီဆိုရခြင်း

ကိုးနာရီထိုး၍ ဘုရားရှိခိုးကျောင်းကြီးမှ ခေါင်းလောင်းကြီးထိုးသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်၏ ရင်ထဲ၌ ဒိတ်ခနဲဖြစ်သွား၏။ ဤသို့ထိတ်ရခြင်းမှာ ကျောင်းတက်ဖို့လန့်သည့်အထဲတွင် ဗုဒ္ဓဘာသာကျောင်းမှာကဲ့သို့ လက်လှုပ်ခေါင်းလောင်းမျိုးမဟုတ်ဘဲ ကြိုးကြီးဖြင့်ဆွဲရပြီး 'တာဝါ' စင်မြင့်ကြီးပေါ်မှ တစ်ရပ်လုံးကြားရလောက်အောင် မြည်ဟိန်းသော ခေါင်းလောင်းသံကြီးကလည်း လူကိုလှန့်ပေးသကဲ့သို့ ရှိသောကြောင့်ဖြစ်၏။ ကျောင်းတက်သောအခါ၌ ကျောင်းသားများသည် မိမိတို့၏အတန်းများသို့ မသွားရသေးဘဲ ကျောင်းကြီးအပေါ်ထပ်ရှိ ခန်းမဆောင်ကြီးသို့သွားကြရ၏။ ကျောင်းအုပ်ဆရာကြီးက မုတ်ဆိတ်မွေးကြီး တဖွားဖွားနှင့် စင်မြင့်ပေါ်၌ ထိုင်လျက်ရှိစဉ် ၃၀၀ ခန့်မျှသော ကျောင်းသားများသည် နှစ်ယောက်တွဲထိုင်ရသောခုံများပေါ်တွင် ငြိမ်သက်စွာ ထိုင်လျက်ရှိကြလေရာ ဤမျှလောက်ကျယ်ဝန်း



သောခန်းမကြီးကိုလည်းကောင်း၊ ဤမျှလောက်မြောက်မြားသော ကျောင်းသားများကိုလည်းကောင်း မမြင်ဖူးသည့် ကျွန်ုပ်အဖို့မှာ အလိုလိုလန့်လျက်ရှိ၏။

ထို့နောက် ဓမ္မသီချင်းသီဆိုရန်အတွက် တစ်ပြိုင်နက်တည်း ထလိုက်ကြသဖြင့် 'ဝုန်း'ခနဲ မြည်ဟိန်းသွားသော အသံကြီးသည်လည်း ကျွန်ုပ်အား တိုး၍ရင်ဖိုလိုက်စေ၏။ ကျောင်းအုပ်ကြီးက ဓမ္မသီချင်းနံပါတ်ကိုပြောလိုက်သဖြင့် ကျောင်းသားများသည် နှစ်ယောက်လျှင် တစ်အုပ်ကျစီကိုင်ထားကြသည့် ဓမ္မသီချင်းစာအုပ်ကိုလှန်ကြ၍ သီဆိုရမည့်သီချင်းပိုဒ်ကိုတွေ့ကြသောအခါ ကျောင်းအုပ်ကြီးက စတင်သီဆိုလိုက်သည်နှင့်တစ်ပြိုင်နက် ကျောင်းသားများရော ကျောင်းဆရာများပါ တညီတညာတည်း သီဆိုကြလေကုန်၏။

### ကြည်နူးဖွယ်သောအသံ

ခရစ်ယာန်ဓမ္မသီချင်းသံကိုမကြားရဖူးသည့် ကျွန်ုပ်မှာ အတော်ခံ့ညား၍ စိတ်ထိခိုက်စေသော တေးသံဖြစ်သည်ထင်မိ၏။ ကျွန်ုပ်သည် ဗုဒ္ဓအကြောင်းအရာကို ခံ့ညားစွာ စီကုံးရေးစပ်ထားသည့် 'ဗောဓိညောင်ရွှေ ဗုဒ္ဓဟေအောက်၊ ဆန်းကြယ်ပေါက်သား၊ ရောင်တောက်ပလ္လင်၊ သမိုင်းပြင်ထက်'အစရှိသော လင်္ကာကြီးကို မိခင်၏ ချိုအေးခံ့ညားလှသောအသံဖြင့် ရွတ်ဆိုပြခြင်းကို ကြားရဖူး၍ ပီတိဖြစ်ခဲ့ဖူးသည်ဖြစ်ပါလျက် ခရစ်ယာန်ဓမ္မသီချင်းကိုကြားရသောအခါတွင် တစ်မျိုးစီခံ့ပါပေသည်ဟု အောက်မေ့မိ၏။ ဗုဒ္ဓ၏အဖြစ်တော် ဂုဏ်တော်တို့နှင့်ပတ်သက်၍ ပီတိဖြစ်ရအောင် ရွတ်ဆိုခြင်းကိုမကြားရဖူးရှာကြဘဲ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'ဟူ၍ ဘုန်းတော်ကြီးများ ရွတ်ဆိုသံမျှလောက်ကိုသာ ကြားရဖူးသည့် ရပ်ဝေးမှ အပ်နှံထားသော ကျောင်းသားကလေးများအဖို့မှာ ခရစ်ယာန်ဓမ္မသီချင်းကိုကြားရခြင်းတစ်ခုတည်းနှင့်ပင် စိတ်ကြည်နူး၍ ၎င်းဘာသာကို ကူးပြောင်းယုံကြည်သွားရှာခြင်းသည် အံ့သြထိုက်သည်မဟုတ်ဟု ကျွန်ုပ်စဉ်းစားမိပါသည်။ ဓမ္မသီချင်းဆိုပြီးကြသည့်နောက် ဆုတောင်းခြင်းနှင့် ကျောင်းကိစ္စအဝဝတို့ကို ကျောင်းအုပ်ကြီးက ပြောပြခြင်း စသည်ဖြင့်ဆောင်ရွက်ပြီးကြသောအခါမှ ကျောင်းဆရာများနှင့်ကျောင်းသားများသည် ခန်းမကြီးမှဆင်းလာကြ၍ အတန်းအသီးသီးသို့ ဝင်ကြရလေသည်။

### ဏ္ကန္တြေကောင်းလှသောဆရာနိုင်

ခြောက်တန်းသင်ပြသောအခန်းမှာ တစ်ကျောင်းလုံးတွင် အကျယ်ဆုံးဖြစ်၍ ကြောက်လှပါသည်ဆိုသော ကျွန်ုပ်အား ဖြဲခြောက်သကဲ့သို့ ရှိနေပြန်၏။ ဖြစ်ရပုံမှာ ကံအားလျော်စွာ ၎င်းနှစ်၌ ခြောက်တန်းကျောင်းသားများသည် တစ်ကျောင်းလုံးရှိ အတန်းတကာတို့တွင် အများဆုံးဖြစ်သည်နှင့် ၎င်းအခန်းကြီးသို့ ရွှေ့ပြောင်းသင်ပြရခြင်းဖြစ်လေသည်။ ကျွန်ုပ်သည် အတန်းသားတစ်ယောက်နှင့်အတူတွဲလျက် နှစ်ယောက်ထိုင်ရသော စာရေးခုံတစ်ခုံ၌ ထိုင်မိသည်နှင့်တစ်ပြိုင်နက် နာမည်ကြီးလှသော ဆရာနိုင်သည် အတန်းထဲသို့ဝင်လာလေ၏။

**ဆက်လက်ဖော်ပြပါမည်။**

## မြောင်းမြမြို့၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်



မြောင်းမြ ဇန်နဝါရီ ၁၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို အမှတ် (၉) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ဇန်နဝါရီလ ၁၅ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုကိုက အဖွင့်အမှာစကားပြောကြားပြီး ရပ်မိရပ်ဖ ဦးကျော်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး သောင်းထိုက်၊ မြောင်းမြမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုကို၊ မြောင်းမြမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးကြီး အုန်းသိန်းနှင့် မြောင်းမြမြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်တင်ထွန်းတို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်သည် အရှည် ၃၆၅ ပေ၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မရှိပြီး မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ယခုဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုငွေ ငွေကျပ် ၈၆၁ သိန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၃၇၁ သိန်း စုစုပေါင်း ငွေကျပ် ၁၂၃၂ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**

# နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ ရေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအား အလှူတော်ငွေ၊ ပဋ္ဌာန်းပါဠိတော်ကျမ်းစာအုပ်နှင့် အရှင်ဂဝမ္ပတိမထေရ်စာအုပ်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁၅

နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ ရေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအား ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက်ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ သုခဝိဟာရသရက်ကုန်းကျောင်းတိုက်ပဓာနနာယကဆရာတော်ဒေါက်တာ ဘဒ္ဒန္တမုနိကုမာရ၊ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်တောရ(မြို့တော်ဝန်) ကျောင်းဆရာတော် ဘဒ္ဒန္တခေမာနန္ဒနှင့် အလှူရှင်များက အလှူငွေ၊ ပဋ္ဌာန်းပါဠိတော်ကျမ်းစာအုပ်နှင့် အရှင်ဂဝမ္ပတိမထေရ်စာအုပ်များ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၁)ရှိစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက်ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ သုခဝိဟာရ သရက်ကုန်းကျောင်းတိုက်ပဓာနနာယက ဆရာတော်ဒေါက်တာ ဘဒ္ဒန္တ မုနိကုမာရထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များအား ပြည်ထောင်စုဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ပဋ္ဌာန်းပါဠိတော်ကျမ်းစာအုပ်များနှင့် ရေဘေးကို တားဆီးတော်မူခဲ့သော အရှင်ဂဝမ္ပတိမထေရ်စာအုပ်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ဘဒ္ဒန္တဝိမလဗုဒ္ဓိ ပါဠိဆရာတော်ထံမှ အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ရေဘေးသင့် ဘုန်းတော်ကြီးကျောင်း ၃၁၆ ကျောင်းတို့အား လှူဒါန်းမည့် ပဋ္ဌာန်းပါဠိတော်ကျမ်းစာအုပ်များ၊ အရှင်ဂဝမ္ပတိမထေရ် စာအုပ်များ၊ Pagoda Digital Directory ဘုရား၊ စေတီများသမိုင်းနှင့် ဘုရားဖူးလမ်းညွှန်တို့ကို ဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့ မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့ရှိ သစ်တောဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဝန်ထမ်းများနှင့်တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် လဟယ်၊ နန်းယွန်း၊ လေရှီးမြို့နယ် သုံးမြို့နယ်ပါဝင်ပြီး သစ်တောဖုံးလွှမ်းမှုအနေဖြင့် ၅၆ ဒသမ ၀၁ ရာခိုင်နှုန်းရှိကြောင်း၊ သဘာဝသစ်တောများထိန်းသိမ်းရေး၊ သစ်တောပြုန်းတီးမှု ကာကွယ်ရေးနှင့် ရွှေ့ပြောင်းတောင်ယာများ လျှော့နည်းပပျောက်စေရေးအတွက် ဒေသခံပြည်သူများအား အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပွင့်လင်းရာသီတွင် တောမီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူငွေ့ဖြစ်ပွားမှုပပျောက်စေရေးအတွက် ဆက်စပ်ဌာနများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်လေထုအရည်အသွေးနှင့် ရေအရည်အသွေးများကို ပုံမှန်တိုင်းတာထုတ်ပြန်ပေးသွားရန်လိုကြောင်း၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူသယ်ဆောင်မှုမရှိစေရေး တားဆီးသွားရန်နှင့် သစ်တောများ၏ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကျရာဒေသတွင် ဝန်ထမ်းကောင်းပီသစွာဖြင့် တိုင်းပြည်အကျိုးကို တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ် (၃) အကောင်အထည်ဖော်မှုကြီးကြပ်ရေးကော်မတီအစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁၅

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ်(၃) အကောင်အထည်ဖော်မှုကြီးကြပ်ရေးကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ ကော်မတီအတွင်းရေးမှူး၊ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ နယ်ပယ်(၃) အကောင်အထည်ဖော်မှု ကြီးကြပ်ရေး ကော်မတီအဖွဲ့ဝင်များဖြစ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၊ မြန်မာ့စီးပွားရေးဘဏ်၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာနိုင်ငံစာရင်းကောင်စီ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၊ သတင်းပို့အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ(၂၀၂၄-၂၀၂၈)၌ အမျိုးသားအဆင့် မဟာဗျူဟာ၏ရည်မှန်းချက်များ ပြည့်မီစေရန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မဟာဗျူဟာ(၅)ရပ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး မဟာဗျူဟာနယ်ပယ်(၃) အနေဖြင့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် မဟာဗျူဟာပါ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အချက်များကို သတ်မှတ်အချိန်ကာလအတွင်းပြီးမြောက်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို လိုက်နာဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာတည်ဆဲဥပဒေများကို တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မိုးမိုးကြည်က မဟာဗျူဟာနယ်ပယ်(၃) သတင်းပို့အဖွဲ့အစည်းများ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် မဟာဗျူဟာအစီအစဉ်များကိုလည်းကောင်း၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်စိုးက ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ(၂၀၂၄-၂၀၂၈) နှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာသူများက ဌာန၊ အဖွဲ့အစည်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၁၅

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၈ ပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၅

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

(မိုး/ဇလ)

# ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဟုမ္မလင်းတပ်နယ်နှင့် လဟယ်မြို့ရှိ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအားတွေ့ဆုံ



ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၅

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် ဇန်နဝါရီလ ၁၄ ရက်နေ့နံနက်ပိုင်းတွင်ဟုမ္မလင်းမြို့ တပ်နယ်ခန်းမ၌ ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးမှ အမှာစကားပြောကြားရာတွင် တစ်ဦးချင်းစွမ်းရည်မြှင့်တင်ရေး၊ တပ်ဖွဲ့လိုက်စွမ်းရည်မြှင့်ရေးတို့အတွက် အမြဲလေ့ကျင့်နေရန်၊ တပ်တိုင်း၊ ရဲဘော်တိုင်းရှိရမည့်အခြေခံအရည်အချင်းငါးပါးကို သိရှိနားလည်ပြီး ကျင့်ကြံလိုက်နာဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးမှ ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် တပ်နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသနေသည့်စစ်သည်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့သည်။

အလားတူ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်အတူ လဟယ်မြို့နယ်မြေခံတပ်ရင်းသို့ သွားရောက်ပြီး တပ်ရင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကော့သောင်းမြို့နယ်အတွင်း သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၅



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်း သမဝါယမလုပ်ငန်းများနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကော့သောင်းမြို့ ရွှေဟသ်ာရပ်ကွက် ကမ်းနီးငါးဖုန်ရှိ F.O.B စစ်ဆေးရေးစခန်း၌ ငါးဖမ်းစက်လှေများနှင့် ပို့ကုန်၊ သွင်းကုန်တင်သွင်းရာတွင် စစ်ဆေးရေးအဖွဲ့များမှ ချက်ပွိုင့်စစ်ဆေးဆောင်ရွက်နေမှုကို လည်းကောင်း၊ သမဝါယမအသင်းရုံးကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကော့သောင်းမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းဆောင်ရွက်နေသော သမဝါယမအသင်းအမှုဆောင်များ၊ အသင်းသားများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ပိုမိုအောင်မြင်စေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကော့သောင်းမြို့နယ် စိုင်ဒင်းကျေးရွာရှိယာယီရှင်းလင်းဆောင်၌ ကျေးရွာကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက စိုင်ဒင်းကျေးရွာအား ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း(Smart Village)၏ အဓိကကဏ္ဍကြီး(၆)ရပ်ဖြစ်သည့် ကျေးရွာအခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သွင်းအားစုနှင့် ငွေကြေးဝန်ဆောင်မှုကူညီထောက်ပံ့မှုလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းနှင့် ကျေးလက်စီးပွားမြှင့်မားရေးလုပ်ငန်းများ၊ အသင်းအဖွဲ့ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် စီမံကိန်းရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာဘက်စုံသုံးခန်းမ၊ ကျေးရွာစာကြည့်တိုက်၊ ကျေးရွာရေရရှိရေးအတွက် လက်တူးတွင်းကျယ်နှင့် အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ထိုက်အောင်လယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်၏ သမဝါယမ(စံပြဈေး)ကိုလည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် အပ်ချုပ်စက်သင်တန်းဆင်းသူများအနက် လုပ်ငန်းသုံးပစ္စည်းထောက်ပံ့ပေးထားသူများ၏ စံပယ်အပ်ချုပ်ဆိုင်ကိုလည်းကောင်း၊ ကော့သောင်းမြို့နယ် ၈ မိုင်ကျေးရွာ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့်ဖွင့်လှစ်ခဲ့သည့် သံဂဟေဆက်သင်တန်းဆင်းသူများအနက် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားသူများ၏ သံဂဟေဆက်လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံပြည်သူများနှင့် သင်တန်းသားများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာ၌ ရွှေဝါထွန်းဘက်စုံစိုက်ပျိုးမွေးမြူရေး သမဝါယမအသင်းအမှုဆောင်များ၊ အသင်းသားတောင်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားကာ အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကော့သောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှတာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုလမ်းမကြီးမှချောင်းဝကျေးရွာသို့ဆက်သွယ်သောလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးမှာကြားကာ ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၂) သင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၁၅

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ကျင်းပသည်။

ဦးစွာ သင်တန်းဆင်းတပ်ခွဲက ပါမောက္ခချုပ်အားအလေးပြုပြီး နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် ပါမောက္ခချုပ်က သင်တန်းသားစံပြဆုကို ဦးရန်နိုင်စိုး၊ အကြီးတန်းစာရေး၊ အကောက်ခွန်ဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သင်တန်းသူစံပြဆုကို ဒေါ်သင်းရတနာစိုး၊ အငယ်တန်းစာရေး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ကို လည်းကောင်း၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

ယင်းသင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ပါမောက္ခများ၊ သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၁၂၀ ဦး၊ သင်တန်းသူ ၂၃၃ ဦး စုစုပေါင်း ၃၅၃ ဦးတို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၄ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်အထိ ဖွင့်လှစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စွမ်းရည်သတ္တိပြည့်ဝရှိ သတိနှင့်ယှဉ်တိုက်စွမ်းအင် ကျွမ်းကျင်စဉ်မြဲလေသူရဲ

ရွှေညာမြေမြတ်သင်းကြိုင်

**❍ ရွှေတောင်ပံပိုင်ရှင် လေသူရဲတစ်ဦးဖြစ်လာသောအခါ ကိုယ်ရည်ကိုယ်သွေးပြည့်ဝသည့် လေသူရဲတစ်ဦးဖြစ်စေရေး ဆက်လက်ကြိုးပမ်းရ၊ လေသူရဲတစ်ဦးအဖြစ် နိုင်ငံတော်မှ ပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရမည်ဖြစ်၊ မိမိတို့ထမ်းဆောင်ကြရမည့် ပျံသန်းရေးတာဝန်များကို စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်ဖြင့် ပြီးမြောက်အောင်မြင်သည်အထိ ဆောင်ရွက်နိုင်ရမည်ဖြစ် . . .**

တပ်မတော်ဟုဆိုရာ၌ တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့ အစုအဖွဲ့ပင်ဖြစ်သည်။ လူ့ဘဝသည် ရခဲလှသည်ဟုဆိုကြသည်။ သို့ဆိုလျှင် တပ်မတော်သားဘဝသည် ပို၍ပင်ခက်ခဲမည်ဟုဆိုချင်ပါသည်။ အဘယ်ကြောင့်ပါနည်း။ အမိမြန်မာပြည်တွင် လူသန်းပေါင်းများစွာတို့ လူ့ဘဝကိုရရှိလျက်ရှိနေပါသည်။ သို့ရာတွင် တပ်မတော်သားဘဝရောက်ရှိသူမှာ အနည်းငယ်မျှပင်ရှိနေသောကြောင့်ဖြစ်သည်။ အခြေခံပညာအထက်တန်းအောင်မြင်သော ကျောင်းသားလူငယ်အများအပြားရှိပေသည်။ သို့ရာတွင် တပ်မတော်၌ ဗိုလ်လောင်းသင်တန်း တက်ရောက်ခွင့်ရသူမှာ အနည်းငယ်မျှပင်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်သားတစ်ယောက်ဖြစ်ရန် ပို၍ခက်ခဲသည်ဟုဆိုလိုခြင်းဖြစ်သည်။ တပ်မတော်တွင် အမှုထမ်းဆောင်ရန် ဗိုလ်လောင်းသင်တန်းတက်ရောက်ခွင့်ရရှိပြီးသောအခါ တပ်မတော်(လေ)တွင် လေသူရဲတစ်ဦးဖြစ်ရန်မှာ ပိုမို၍ခက်ခဲရပြန်သည်။ လေသူရဲတစ်ဦးအတွက် ရှိသင့်ရှိထိုက်သည့် ကျန်းမာရေးအခြေအနေရှိမှ၊ ကောင်းမွန်မှသာ လေသူရဲလောင်းအဖြစ် ရွေးချယ်ခံရမည်ဖြစ်သည်။ ထို့ကြောင့် လေသူရဲတစ်ယောက်ဖြစ်ရန် ခက်ခဲလှသည်ဟုဆိုခြင်းဖြစ်သည်။

လေသူရဲလောင်းတစ်ဦးအဖြစ်ရွေးချယ်ခံရပြီးသောအခါ လေကြောင်းအတတ်သင်လေတပ်စခန်း ဌာနချုပ်တွင် လေယာဉ်မောင်းသင်တန်းတက်ရောက်ရမည်ဖြစ်သည်။ လေယာဉ်မောင်းသင်တန်းကျောင်းတွင် ပျံသန်းမှုနှင့်ပတ်သက်သည့် သင်ခန်းစာများကို စာတွေ့လက်တွေ့သင်ယူရမည်ဖြစ်သည်။ လေယာဉ်မောင်းသင်တန်းသားများအနေဖြင့် အခြေခံလေယာဉ်မောင်းသင်တန်း၊ အကြိုတန်းမြင့်လေယာဉ်မောင်းသင်တန်းနှင့် တန်းမြင့်လေယာဉ်မောင်းသင်တန်းတို့ကို တက်ရောက်ကြရမည်ဖြစ်သည်။ လေသူရဲလောင်းများအနေဖြင့် တစ်ဦးချင်းပျံသန်းနိုင်စေရန် ပျံသန်းချိန်နာရီ ၁၅ နာရီသတ်မှတ်ပြီး လက်တွေ့ပျံသန်းလေ့ကျင့်ကြရသည်။ လေသူရဲလောင်းသင်တန်းသားများ အမှန်တကယ်ပျံသန်းမှုမပြုလုပ်မီ လေယာဉ်တု (Simulator)ဖြင့် လေ့ကျင့်သင်ယူဆောင်ရွက်ကြရသည်။ ပျံသန်းမှုသင်ကြားချိန် ၁၅ နာရီမှ ၁၈ နာရီအတွင်းတွင် တစ်ဦးတည်းမောင်းနှင်ပျံသန်းနိုင်အောင် ကြိုးစားကြရပေသည်၊ လေသူရဲလောင်းများအနေဖြင့် တစ်ဦးချင်းမောင်းနှင်မှုကို အောင်မြင်စွာ ကျော်ဖြတ်မောင်းနှင်နိုင်ရေး အစွမ်းကုန်ကြိုးစားကြရမည်ဖြစ်သည်။ သို့မှသာ လေယာဉ်ကျွမ်းထိုးပျံသန်းခြင်း၊ ခရီးဝေးလေ့ကျင့်ပျံသန်းခြင်း၊ ချိန်ခွက်လေ့ကျင့်ပျံသန်းခြင်း၊ အုပ်ဖွဲ့လေ့ကျင့်ပျံသန်းခြင်းနှင့် ညလေ့ကျင့်ပျံသန်းခြင်း အစရှိသည့်ပျံသန်းမှုသင်ခန်းစာများကို ဆက်လက်သင်ယူကြရမည်ဖြစ်သည်။

ဒုတိယအဆင့်မှာ အကြိုတန်းမြင့်လေယာဉ်မောင်းသင်တန်းဖြစ်သည်။ ထိုသင်တန်းတွင် တိုက်လေယာဉ်မောင်းနှင်မည့် လေသူရဲလောင်းများသည် တိုက်လေယာဉ်ဖြင့် လေ့ကျင့်သင်ယူရမည်ဖြစ်သည်။ သယ်ယူပို့ဆောင်ရေး လေသူရဲလောင်းများနှင့် ရဟတ်ယာဉ်လေသူရဲလောင်းများသည် သက်ဆိုင်ရာ လေယာဉ်/ ရဟတ်ယာဉ်ဖြင့် သတ်မှတ်နာရီချိန်ပြည့်မီအောင် ပျံသန်းကြရမည်ဖြစ်သည်။ တတိယအဆင့်မှာ တန်းမြင့်လေယာဉ်မောင်းသင်တန်းဖြစ်သည်။ ဒုတိယအဆင့်ကဲ့သို့ပင် တိုက်လေယာဉ်လေသူရဲလောင်းများ၊ သယ်ယူပို့ဆောင်ရေးလေသူရဲလောင်းများနှင့် ရဟတ်ယာဉ်လေသူရဲလောင်းများသည် သက်ဆိုင်ရာ လေယာဉ်/ ရဟတ်ယာဉ်များဖြင့် ဆက်လက်လေ့ကျင့်ပျံသန်းကြရပေသည်။ တန်းမြင့်လေယာဉ်မောင်းသင်တန်းပြီးမြောက်ချိန်တွင် လေသူရဲလောင်းအားလုံးအနေဖြင့် ပျံသန်းရေးသင်တန်း၏ သတ်မှတ်ပျံသန်းချိန်နာရီအတိုင်း သင်ရိုးအလိုက် အောင်မြင်စွာပျံသန်းနိုင်ခဲ့ကြပြီဖြစ်သည်။

ထိုသို့တတ်မြောက်အောင်မြင်ပြီးမှသာ ရွှေတောင်ပံပိုင်ရှင်လေသူရဲတစ်ဦးအဖြစ်ရောက်ရှိပြီး နိုင်ငံတော်တာဝန်များကို ဆက်လက်ထမ်းဆောင်ကြရမည်ဖြစ်သည်။ ရွှေတောင်ပံပိုင်ရှင်လေသူရဲတစ်ဦးဖြစ်လာသောအခါ ကိုယ်ရည်ကိုယ်သွေးပြည့်ဝသည့် လေသူရဲတစ်ဦးဖြစ်စေရေး ဆက်လက်ကြိုးပမ်းရပေဦးမည်။ လေသူရဲတစ်ဦးအဖြစ် နိုင်ငံတော်မှပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရမည်ဖြစ်သည်။ မိမိတို့ထမ်းဆောင်ကြရမည့် ပျံသန်းရေးတာဝန်များကို စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်ဖြင့် ပြီးမြောက်အောင်မြင်သည်အထိ ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ မိမိတို့တာဝန်ကျသည့် လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်း၊ ပျံသန်းရေးအုပ်ရှိ လေယာဉ်/ ရဟတ်ယာဉ်ကို ကောင်းမွန်စွာပျံသန်းနိုင်ရမည်ဖြစ်သည်။ လေယာဉ်အသစ်၊ ရဟတ်ယာဉ်အသစ်များဖြင့် လွှဲပြောင်းသင်တန်းများ တက်ရောက်ကြရမည်ဖြစ်သည်။ တပ်မတော်(လေ)သည် အမိမြန်မာပြည်၏ ဝေဟင်ပိုင်နက်အတွင်းမှ ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ တိုင်းပြည်၏ မြေပြင်ပိုင်နက်၊ ရေပြင်ပိုင်နက်နှင့် မြေပေါ်မြေအောက် အဖျက်ရန်စွယ်များကို ချေမှုန်းသုတ်သင်ရမည်ဖြစ်သည်။ ပြည်သူလူထုအား လေဘေး၊ ရေဘေး၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုးမှ ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်သည်။ တပ်မတော်၏ ကောင်းမြတ်သည့်အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သည်။ ပျံသန်းမှုအတတ်ပညာကိုလည်း ဆက်လက်လေ့လာသင်ကြားရပေမည်။ ဒေသတွင်းနိုင်ငံများ၏ လေယာဉ်/ ရဟတ်ယာဉ်များ၊ တိုးတက်နေသည့်နိုင်ငံများ၏ လေယာဉ်/ရဟတ်ယာဉ်များကိုလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လေ့လာနေရမည်ဖြစ်သည်။ မိမိသိထားတတ်ထားသမျှ ပျံသန်းမှုဆိုင်ရာပညာရပ်များကိုလည်း လက်ဆင့်ကမ်းဖြန့်ဝေနေရမည်ဖြစ်သည်။

လေသူရဲတစ်ဦးအနေဖြင့် မိမိ၏လေယာဉ်၊ မိမိ၏စစ်လက်နက်ပစ္စည်းများကို ချစ်ခင်တွယ်တာရမည်ဖြစ်သည်။ ပျံသန်းမှုဆိုင်ရာစည်းကမ်းများကို တိကျစွာလိုက်နာရပေမည်။ ပျံသန်းမှုပညာရပ်များအနက် ဗဟုသုတများကို စဉ်ဆက်မပြတ်ဆည်းပူးလေ့လာနေကြရပေမည်။ ပျံသန်းမှုဆိုင်ရာ ဆွေးနွေးပွဲများ၊ အသိပညာဖလှယ်ပွဲများ မပြတ်လုပ်ဆောင်ရမည်ဖြစ်သည်။ ရောက်ရှိရာ လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်း၊ ပျံသန်းရေးအုပ်ရှိ လေယာဉ်/ရဟတ်ယာဉ်များကို ကျွမ်းကျင်ပိုင်နိုင်စွာပျံသန်းနိုင်ရေး လေ့ကျင့်ထားရပေမည်။ လေယာဉ်ပျံသန်းရာတွင်လည်း မိမိအားပေးအပ်သည့်တာဝန်ကို အန္တရာယ်ကင်းရှင်းစွာနှင့် အောင်မြင်စွာထမ်းဆောင်နိုင်ရေး အစဉ်တွေးခေါ်မြော်မြင်နေရပေမည်။ လေသူရဲတစ်ဦးအနေဖြင့် ပျံသန်းရေးစိတ်ဓာတ် အစဉ်အမြဲမြင့်မားနေရမည်ဖြစ်သည်။ မိမိ၏ကိုယ်ရည်ကိုယ်သွေးမြင့်မားရေး အမြဲသင်ယူ၊ အမြဲလေ့ကျင့်နေရပေမည်။

လေသူရဲတစ်ဦး ကိုယ်ရည်ကိုယ်သွေးပြည့်ဝစေရေးအတွက် ဘက်စုံထောင့်စုံမှ ဖြည့်ဆည်းကြရမည်ဖြစ်သည်။ လေသူရဲတစ်ဦးအတွက် ကိုယ်နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့မှုလည်း လိုအပ်လှပေသည်။ အထက်အကြီးအကဲများနှင့်ပြောဆိုခြင်း၊ တန်းတူရွယ်တူများနှင့်လက်အောက်ငယ်သားများသို့ပြောဆိုခြင်းတို့တွင် အပြုအမူမှစ၍ သတိပြုအပ်ပေသည်။ စကားပြောဆိုရာတွင်လည်း လူကြီးလူကောင်းတစ်ယောက်၏ အပြောအဆိုအသုံးအနှုန်းများအတိုင်း ယဉ်ကျေးစွာပြောဆိုရမည်၊ ဆက်ဆံရမည်ဖြစ်သည်။ မိမိ၏အသွင်အပြင်လက္ခဏာသည် ခေတ်ဆန်လွန်းပြီး အရာရှိတစ်ဦးနှင့်မလျော်ညီသည့်အပြင်အဆင်မျိုးမရှိသင့်ပေ။ ခေတ်နှင့်လျော်ညီစွာ သင့်တင့်မျှတသည့် ဝတ်စားဆင်ယင်မှုမျိုးသာ ဝတ်ဆင်သင့်ပေသည်။ လူကြားသူကြား၌ တင့်တယ်သည့် အသွင်မျိုးသာရှိသင့်သည်။ သပ်ရပ်သန့်ရှင်းစွာဖြီးလိမ်း၍ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုလုပ်ဆောင်သင့်ပေသည်။ လေသူရဲအရာရှိတစ်ဦးဖြစ်သည်နှင့်အညီ အထက်မှပေးအပ်လာသည့်တာဝန်များကို ပေ့ါပါးဖျတ်လတ်စွာ ဆောင်ရွက်တတ်သူဖြစ်စေရန် လိုအပ်လှပေသည်။ လုပ်ငန်းတာဝန်များဆောင်ရွက်ရာ၌ နှေးကွေးလေးလံကာ ပျင်းရိပျင်းတွဲသည့် လှုပ်ရှားမှုမျိုးမဖြစ်စေရန် မိမိကိုယ်မိမိအမြဲပြင်ဆင်နေကြရပေသည်။ ပျံသန်းရေးတာဝန်တွင်သာမက မည်သည့်လုပ်ငန်းတွင်မဆို အမြဲအသင့်ဖြစ်နေရပေမည်။ လုပ်ငန်းလုပ်ဆောင်ရန် အမြဲတက်ကြွသည့်စိတ်ဓာတ်ရှိနေရမည်ဖြစ်သည်။ အရာရှိတစ်ဦးဖြစ်သည်နှင့်အညီ လူမှုဆက်ဆံရေးနယ်ပယ်သည်လည်း ကျယ်ပြန့်နေမည်ဖြစ်သည်။ ပျံသန်းရေးနယ်ပယ်၌ဖြစ်စေ၊ တပ်တွင်းမိသားစုအသိုင်းအဝိုင်း၌ဖြစ်စေ၊ အခြားသောအရပ်ဘက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ရာ၌ဖြစ်စေ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့်ဖြစ်စေ ချောမောပြေပြစ်စွာ ဆက်ဆံနိုင်ရပေမည်။ မိမိအလုပ်နှင့်တာဝန်ကိုအထင်သေးထိခိုက်စေမည့် ဆက်ဆံရေးပုံစံများ မဖြစ်စေရေးအထူးဂရုပြုရမည်ဖြစ်သည်။

လေသူရဲများသည် ပျံသန်းရေးတာဝန်များကို နေ့ည အချိန်မရွေးထမ်းဆောင်နေကြရသူများဖြစ်သည်။ ထိုသို့ထမ်းဆောင်နိုင်ရေးအတွက် အစဉ်အမြဲကျန်းမာကြံ့ခိုင်နေရန် လိုအပ်လှပေသည်။ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်မှသာလျှင် စိတ်ကျန်းမာမည်ဖြစ်သည်။ စိတ်ကျန်းမာမှသာလျှင် စိတ်ဓာတ်ခွန်အားကောင်းမည်ဖြစ်သည်။ စိတ်ဓာတ်ခွန်အားတောင့်တင်းခြင်းသည် ဆုံးဖြတ်ချက်မှန်ကန်စွာချမှတ်ရာ၌ အရေးပါလှသည်။ အရေးပေါ်အခြေအနေများတွင် ဆုံးဖြတ်ချက်ကို မှန်မှန်ကန်ကန်ဖြင့် မြန်ဆန်စွာချမှတ်နိုင်မည်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်ရေးအတွက် အချိန်မှန်စွာစားသောက်ကြရမည်ဖြစ်သည်။ အိပ်ရေးပျက်ခြင်း မဖြစ်စေရန် အထူးဂရုပြုရမည်ဖြစ်သည်။ လေသူရဲတစ်ဦးအနေဖြင့် အသိဉာဏ်နှင့်မှတ်ဉာဏ်ကောင်းမွန်ရေး အမြဲလေ့ကျင့်နေရမည်ဖြစ်သည်။ မြန်မာစကား၌ **“အသက်ကို ဉာဏ်စောင့်”** ဟူသည့် ဆိုရိုးစကားရှိပေသည်။ လေသူရဲများသည် အသက်နှင့်ခန္ဓာကိုရင်းလျက် တာဝန်ထမ်းဆောင်နေရသူများဖြစ်သည်။ ထို့ကြောင့် အသိဉာဏ်ကောင်းရန်၊ ထက်မြက်သောမှတ်ဉာဏ်ရှိရန် အလွန်ပင်လိုအပ်လှပေသည်။ ပျံသန်းရေးလုပ်ငန်းနှင့်ပတ်သက်၍ အရာရာကို ထိုးထွင်းသိမြင်တတ်ရပေမည်။ အရေးပေါ်အခြေအနေနှင့်ရင်ဆိုင်ကြုံတွေ့လာရပါက မှန်ကန်မြန်ဆန်စွာ ဆုံးဖြတ်နိုင်ရေးအတွက် လျှပ်တစ်ပြက်ဖြတ်ထိုးဉာဏ်ကောင်းမွန်ရမည်ဖြစ်သည်။ မိမိ၏လုပ်ငန်း၌ ကျွမ်းကျင်ပိုင်နိုင်ပြီး နည်းလမ်းကျနစွာ တွေးခေါ်ဆင်ခြင်တတ်ရမည်ဖြစ်သည်။ အရေးပေါ်ကိစ္စရပ်များအတွက် ကြိုတင်တွေးဆနိုင်ရေး၊ အရေးပေါ်ကိစ္စပေါ်ပေါက်လာချိန်၌ တိကျမှန်ကန်စွာဆုံးဖြတ်နိုင်ရေး၊ အောင်မြင်စွာဖြတ်ကျော်နိုင်ရေးတို့အတွက် သင်ယူ၊ လေ့ကျင့်မှုများအမြဲပြုလုပ်နေရမည်ဖြစ်သည်။

**“တတ်လိုလျှင်သင်၊ တော်လိုလျှင်ကျင့်၊ မမှားလိုလျှင်ပြင်၊ အောင်မြင်လိုလျှင် ဝီရိယထား”**ဆိုသည့်စကားနှင့်အညီလုပ်ဆောင်ကြရပေမည်၊ အတတ်ပညာဟူသည် ပြည့်စုံပြီဟူ၍ မဆိုသာပေ။ သို့ဖြစ်၍ အတတ်ပညာများတတ်ကျွမ်းစေရေးအမြဲသင်ယူနေကြရမည်ဖြစ်သည်။ မိမိ၏လုပ်ငန်းများတွင် တော်လိုလျှင်လည်း အထပ်ထပ်အခါခါ လေ့ကျင့်နေကြရပေမည်။ လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်နေသူများအဖို့ အမှားဟူသည်တွေ့ကြုံနေရမည်မှာ မလွဲဧကန်ဖြစ်သည်။ အမှားမရှိစေရေးအတွက် ပြင်ဆင်လုပ်ဆောင်ကြရမည်ဖြစ်သည်။ အမှန်သို့ရောက်အောင် အထပ်ထပ်အခါခါလေ့ကျင့်ကြရပေမည်။

**စာမျက်နှာ ၁၄ သို့** ❑

❑ စာမျက်နှာ ၁၃ မှအဆက်

**❍ လေသူရဲတစ်ဦးအနေဖြင့် ရဲစွမ်းသတ္တိရှိရန်လည်း လိုအပ်၊ ရဲစွမ်းသတ္တိကို လိုအပ်သည့်နေရာ၌ အကျိုးရှိစွာ အသုံးချတတ်ရမည်ဖြစ်၊ ရဲစွမ်းသတ္တိရှိသူ လေသူရဲတစ်ဦးအနေဖြင့် ပိုင်းခြားဝေဖန်နိုင်မှုစွမ်းရည်ရှိရမည်ဖြစ်၊ ရန်သူကိုပျံသန်းတိုက်ခိုက်ရာ၌ နည်းပညာနှင့်ရဲစွမ်းသတ္တိ၊ လက်ရုံးရည်၊ နှလုံးရည် တို့ပြည့်ဝစွာတိုက်ခိုက် . . .**

လေယာဉ်မောင်းသင်ဘဝမှစ၍ အတွေ့အကြုံများစွာ တွေ့ကြုံကြရမည်ဖြစ်သည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာရယူတတ်ရန်ဖြစ်သည်။ အတွေ့အကြုံများကို ကိုယ်တိုင်ရင်း၍ရယူရမည်ဟု မဆိုလိုပေ။ အခြားသူများ၏ အတွေ့အကြုံများ၊ နိုင်ငံရပ်ခြားဒေသများမှ အတွေ့အကြုံများကို သင်ခန်းစာအဖြစ်ရယူနိုင်ရမည်ဖြစ်သည်။ ထိုသို့သော အတွေ့အကြုံများဖြင့် မိမိ၏အရည်အသွေး၊ အရည်အချင်းမြင့်မားစေရေး လုပ်ဆောင်သွားရမည်ဖြစ်သည်။ ပျံသန်းမှုအတွေ့အကြုံကို ပျံသန်းချိန်နာရီဖြင့် တိုင်းတာသည့်အလျောက် အတွေ့အကြုံရရှိမည်ဖြစ်သည်။ ပျံသန်းချိန်နာရီများနှင့်ညီမျှသည့် အတွေ့အကြုံဗဟုသုတရရှိရေး အစဉ်ဂရုစိုက်ပျံသန်းကြရမည်ဖြစ်သည်။ သို့မှသာ အရည်အသွေး၊ အရည်အချင်းများ တိုးတက်လာမည်ဖြစ်သည်။ ဗဟုသုတဆိုရာတွင်လည်း ပျံသန်းမှုကို အထောက်အကူပြုသည့် စာပေများ၊ နည်းပညာများ၊ လေယာဉ်ပျံသန်းရာ၌ ဘေးအန္တရာယ်ကင်းရှင်းရေးကို အထောက်အကူဖြစ်စေမည့် ပညာရပ်များကို ဆိုလိုခြင်းဖြစ်သည်။ ကမ္ဘာ့အရပ်ရပ်ရှိ နိုင်ငံအသီးသီး၏ တီထွင်ဆန်းသစ်မှုများ၊ လေကြောင်းဆိုင်ရာ သတင်းအချက်အလက်များ၊ နိုင်ငံတကာ၏ လေကြောင်းဆိုင်ရာ သတင်းများ၊ ဗဟုသုတများကို လက်လှမ်းမီသမျှဖတ်ရှုလေ့လာရမည်ဖြစ်သည်။

လေသူရဲတစ်ဦးအနေဖြင့် ရဲစွမ်းသတ္တိရှိရန်လည်း လိုအပ်လှပေသည်။ ရဲစွမ်းသတ္တိကို လိုအပ်သည့်နေရာ၌ အကျိုးရှိစွာ အသုံးချတတ်ရမည်ဖြစ်သည်။ မြန်မာစကားတွင် **"မရောင်ရာဆီလူး"** ဟူသော ဆိုရိုးစကားရှိသည်။ ရဲစွမ်းသတ္တိကို အကြောင်းမဟုတ်သည့်နေရာ၌ ပြရန်မလိုအပ်ပေ။ အချည်းနှီးဖြစ်ရုံမျှမက ဘေးအန္တရာယ်နှင့်ပင်ရင်ဆိုင်ရတတ်သည်။ ရဲစွမ်းသတ္တိရှိသူ လေသူရဲတစ်ဦးအနေဖြင့် ပိုင်းခြားဝေဖန်နိုင်မှုစွမ်းရည်ရှိရမည်ဖြစ်သည်။ ပြဿနာတစ်ရပ်ကို ဉာဏ်နှင့်ယှဉ်၍ သိမြင်တတ်ရပေမည်။ လေသူရဲကောင်းတစ်ဦးအနေဖြင့် ကိုယ်ရည်ကိုယ်သွေးပြည့်ဝနေရမည်ဖြစ်သည်။ ဗလငါးတန်နှင့် ပြည့်ဝနေရမည်ဖြစ်သည်။ သို့မှသာ မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှု အပြည့်အဝရှိမည်ဖြစ်သည်။ ယုံကြည်စိတ်ချမှုပြည့်ဝခြင်းသည် ဆုံးဖြတ်နိုင်မှုစွမ်းအားကိုမြင့်မားစေမည်ဖြစ်သည်။ လေသူရဲတစ်ဦးအနေဖြင့် စိတ်ပိုင်းဆိုင်ရာစွမ်းရည် အဆင့်မြင့်မားနေရန်လိုအပ်လှသည်။ အဓိကပိုင်ဆိုင်သည့်မြင့်မားသောစိတ်စွမ်းရည်ကသာ မှန်ကန်၊ မြန်ဆန်သည့် ဆုံးဖြတ်ချက်ကို ချမှတ်နိုင်မည်ဖြစ်သည်။ လေယာဉ်/ရဟတ်ယာဉ်ဟူသည် ကမ္ဘာမြေ၏ဆွဲအားကိုဆန့်ကျင်၍ ဝေဟင်အထက်၌ လှုပ်ရှားနေရသောအရာဖြစ်သည်။ လေသူရဲများသည်လည်း မမြင်တွေ့နိုင်သော အန္တရာယ်များကြား၌ ထူးခြားစွာလုပ်ကိုင်ဆောင်ရွက်နေရသူများဖြစ်သည်။ စက္ကန့်ပိုင်းမျှသော အချိန်အတိုင်းအတာအတွင်း ဆုံးဖြတ်ချက်တစ်ခုကို မှန်မှန်ကန်ကန်ချမှတ်နိုင်ရန် အရေးကြီးလှပေသည်။ ဆုံးဖြတ်ချက်တစ်ခုမှားသည်နှင့် ဆုံးရှုံးမှုအတိုင်းအတာမည်မျှကြီးမားသည်ကို သဘောပေါက်ထားရမည်ဖြစ်သည်။

လေသူရဲတစ်ဦးဖြစ်လာသည်နှင့်အမျှ တာဝန်ဝတ္တရားသည်လည်း ကြီးမားပေသည်။ လုပ်ငန်းသဘာဝအရ တန်ဖိုးကြီးမားသည့် နိုင်ငံတော်ပိုင် လေယာဉ်/ရဟတ်ယာဉ်များကို ကိုင်တွယ်မောင်းနှင်ကြရမည်ဖြစ်သည်။ ယုံကြည်စိတ်ချစွာအပ်နှံခြင်းခံကြရသူများဖြစ်သည်။ တာဝန်အပြည့်အဝယူလျက် ဆောင်ရွက်ရသူများလည်းဖြစ်သည်။ သို့ဖြစ်၍ မိမိကိုယ်မိမိယုံကြည်မှုအပြည့်အဝရှိရန်မှာ အရေးပါလှပေသည်။ ထို့ပြင် နိုင်ငံတော်နှင့်တပ်မတော်က ယုံကြည်စိတ်ချရသည့် လေသူရဲတစ်ဦးလည်းဖြစ်ရပေမည်။ လေသူရဲဟုဆိုရာ၌ တိုက်ခိုက်ရေးလေယာဉ်/ရဟတ်ယာဉ်များကိုလည်း မောင်းနှင်ရပေမည်။ သယ်ယူပို့ဆောင်ရေး လေယာဉ်များကိုလည်း မောင်းနှင်နိုင်ရပေမည်။ ပျံသန်းရေးတာဝန်အမျိုးမျိုးကို ထမ်းဆောင်နိုင်ရမည်ဖြစ်သည်။ အထူးပေးအပ်သည့်တာဝန်၊ စစ်ဆင်ရေးတာဝန်များကို ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်သည်အထိဆောင်ရွက်နိုင်ရေး ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ တပ်မတော်သားတစ်ဦးဖြစ်သည့်အလျောက် အထက်အကြီးအကဲများ၏ ယုံကြည်စိတ်ချခြင်းခံရသည့် လေသူရဲတစ်ဦးဖြစ်လာစေရေး အစဉ်ကြိုးစားနေရမည်ဖြစ်သည်။

နိုင်ငံတော်နှင့်တပ်မတော်က အားထားရသော လေသူရဲတစ်ဦးအနေဖြင့် ရဲစွမ်းသတ္တိရှိရန်မှာ အရေးကြီးကြောင်းဆိုခဲ့ပြီးဖြစ်သည်။ ပျံသန်းရေးတွင် ထိုသို့သောသတ္တိကို ဗျတ္တိဟုခေါ်သောနှလုံးရည်နှင့်ယှဉ်တွဲလျက် အသုံးပြုသင့်ပေသည်။ ရန်သူကိုပျံသန်းတိုက်ခိုက်ရာ၌ နည်းပညာနှင့် ရဲစွမ်းသတ္တိ၊ လက်ရုံးရည်၊ နှလုံးရည်တို့ပြည့်ဝစွာ တိုက်ခိုက်ရပေမည်။ မည်သည့်ပျံသန်းမှုမျိုး၌မဆို ရဲစွမ်းသတ္တိကို အကြောင်းပြုလျက် **"ဆင်ကန်းတောတိုး"** မလုပ်သင့်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ လေယာဉ်တစ်စင်းပျံသန်းလှုပ်ရှားရာ၌ လေယာဉ်စက်ပစ္စည်း၊ သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုအခြေအနေတို့မှာ ရင်ဆိုင်ရစမြဲဖြစ်သည်။ ရဲစွမ်းသတ္တိကိုအကြောင်းပြု၍ မျက်စိမှိတ်ရင်ဆိုင်ခြင်းမျိုးမဖြစ်သင့်ပေ။ မိမိလေယာဉ်/ရဟတ်ယာဉ်၏ ကန့်သတ်ချက်များ၊ မိမိထမ်းဆောင်ရသည့်တာဝန်၏ အတိမ်အနက်၊ မိမိကိုယ်တိုင်၏စွမ်းရည်၊ အခြားလုပ်ဖော်ကိုင်ဖက်လေယာဉ်သားများ၊ ခရီးသည်များ စသည်တို့အပေါ်မူတည်၍ ရင်ဆိုင်သင့်၊ မသင့်ကို မှန်ကန်စွာ ဆုံးဖြတ်ချက်ချမှတ်ရပေမည်။

အချုပ်အားဖြင့်ဆိုသော် လေသူရဲတစ်ဦးဖြစ်လာရန်မှာ လွန်စွာခဲယဉ်းလှပေသည်။ ပျံသန်းရေးတာဝန်ဆိုသည်မှာလည်း အခြားသောလုပ်ငန်းတာဝန်များနှင့်မတူပေ။ အဆုံးအစမရှိသော ဟင်းလင်းပြင်ဝေဟင်တွင်း၌ သွားလာလှုပ်ရှားနေရခြင်းဖြစ်သည်။ အချိန်မရွေးတွေ့ကြုံလာနိုင်သည့် အန္တရာယ်များအကြား၌ ထူးခြားစွာလုပ်ကိုင်ဆောင်ရွက်နေရသူများဖြစ်သည်။ **"သတိကိုတမံဉာဏ်ကိုမြေကတုတ်"** ဆိုသကဲ့သို့ အမြဲသတိရှိနေရန် လိုအပ်လှပေသည်။ အမြဲတစေဉာဏ်ဖြင့်ယှဉ်၍ လှုပ်ရှားသွားလာနေရပေသည်။ နေ့စဉ်နှင့်အမျှ အချိန်တိုင်း၊ နာရီ၊ မိနစ်၊ စက္ကန့်တိုင်း လေ့လာနေရပေမည်။ သင်ယူနေကြရပေသည်။ မိမိ၏အရည်အသွေး၊ အရည်အချင်းပြည့်ဝနေစေရေး ကြိုးပမ်းအားထုတ်နေကြရသူများဖြစ်သည်။ တပ်မတော်(လေ)၏အားထားရသော လေသူရဲကောင်းတစ်ယောက်ဖြစ်ရပေမည်။ တပ်မတော်ကအားကိုးရသည့် တိုက်စွမ်းရည်ကောင်းသော လေသူရဲတစ်ဦးဖြစ်ရပေမည်။ နိုင်ငံတော်အတွက်လိုအပ်လာလျှင် မိမိ၏အသက်ကိုပင်စွန့်လွှတ်ပေးလှူရဲသည့်လေသူရဲကောင်းတစ်ဦးဖြစ်ရပေမည်။ ထို့ကြောင့် **"စွမ်းရည်သတ္တိပြည့်ဝရှိ သတိနှင့်ယှဉ်တိုက်စွမ်းအင် ကျွမ်းကျင်စဉ်မြဲလေသူရဲ"** ဆောင်းပါးဖြင့် တပ်မတော်(လေ)၏လေသူရဲအပေါင်းနှင့် လေယာဉ်မောင်းသင်တန်းအမှတ်စဉ် (၈၆) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအား ဂုဏ်ပြုရေးဖွဲ့လိုက်ရပါသည်။ ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**





တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။






တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

➤ **ကျောဖုံးမှအဆက်**

ဒေသခံပြည်သူ ၄၅၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၁၄၅ ဦး၊ ခွဲစိတ်ရောဂါ ၁၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၁ ဦး၊ ကလေးရောဂါ ၂၂ ဦး၊ အရိုးရောဂါ ၇၀ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၂ ဦး၊ မျက်စိရောဂါ ၈၈ ဦး၊ သွားရောဂါ ၅၁ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။

ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၄ ဦးကို ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၁၁ ဦး၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၃၁ ဦး၊ ECG စက်ဖြင့်နှလုံးစမ်းသပ်လူနာ ၂၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)




တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



■ ရှေ့ဖုံးမှအဆက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးညဏ်ထွန်းနှင့် ဒေါက်တာညွန့်ဖေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအဖွဲ့ အကြံပေးအဖွဲ့ဝင် စောဒန်နီယယ်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဦးညဏ်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ကယားပြည်နယ်နေ့အထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက အထိမ်းအမှတ်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားကို ပြည်နယ်ခန်းမ၌ ဆက်လက်ကျင်းပရာ သဘာပတိအဖွဲ့ဝင်များရောက်ရှိနေရာယူပြီး နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသောခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းကို အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်နေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ဆက်လက်၍ (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုရရှိသူများ၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲနှင့် (၂၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူများအား ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က နယ်စပ်ရေးရာဝန်ကြီးဌာနမှပေးအပ်သည့် 50 KW ဆိုလာအစုံ ၁၀၀ နှင့် ကယားပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအတွက် ငွေကျပ် ၁၅၁ သိန်းတန်ဖိုးရှိ အခြေခံစားသောက်ကုန်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက ပြန်ကြားရေးဝန်ကြီးဌာနမှပေးအပ်သည့် DTH စလောင်း အစုံ ၅၀ နှင့် Set Top Box အစုံ ၁၀၀ တို့ကိုလည်းကောင်း ပေးအပ်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ကျင်းပသည့် ကယားရိုးရာစပါးထောင်း၊ ကယား၊ ကယန်းရိုးရာနပန်းအပါအဝင် ရိုးရာအားကစားပွဲများနှင့် မူကြိုကလေးငယ်များ၏ ကာယစွမ်းရည်ပြိုင်ပွဲများတွင် ကလေးငယ်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တိုင်းရင်းသားလူငယ်များ ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဆုရရှိကြသူများအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ဒေသခံပြည်သူများအား ရင်းရင်း









# ကင်းမွန်အထိအမိကောင်း၍ ပြည်ပဈေးကွက်အထိ တင်ပို့ရောင်းချရလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာ့ပင်လယ်ပြင်တွင် ကင်းမွန်အထိအမိကောင်း၍ ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပဈေးကွက်အထိပါ တင်ပို့ရောင်းချလျက်ရှိကြောင်း ရန်ကုန်မြို့ ရွှေပိတောက်ငါးဈေးမှသိရသည်။

“ဒီရာသီမှာ ကင်းမွန်အထိအမိကောင်းတယ်။ ၃ လက်မအထက် အရွယ်အစားတွေကို ဟိုတယ်နဲ့ပြည်ပကိုပို့ပြီး ၂ လက်မအောက်ဆိုဒ်တွေကို ပြည်တွင်းဈေးကွက်ကို ပို့ပါတယ်။ ပင်လယ်ပြင်ကနေ ကင်းမွန်အများကြီးရပြီး ဈေးကွက်အဝင်များတဲ့အတွက် ပြည်ပကို ကောင်းကောင်းပို့နိုင်သလို ပြည်တွင်းစားသုံးမှုအတွက်လည်း အဆင်ပြေပါတယ်။ ဆောင်းရာသီ ပင်လယ်ပြင်နှင်းကျချိန်မှာ ကင်းမွန်အမိများတဲ့အတွက် ဒီလကုန်ပိုင်းဆိုရင် ပိုပြီးအဝင်များနိုင်ပါတယ်”ဟု ရွှေပိတောက်ငါးဈေးမှ ရေထွက်ကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ကင်းမွန်အများဆုံး ဖမ်းမိရရှိလေ့ရှိပြီး အရွယ်အစား ၃ လက်မအောက် ကင်းမွန်များကို ပြည်တွင်းစားသုံးမှုအတွက် ရောင်းချလျက်ရှိပြီး အရွယ်အစား ၃ လက်မအထက် ကင်းမွန်များကို ပြည်ပဈေးကွက်သို့တင်ပို့လျက်ရှိသည်။

မြိတ်ကျွန်းစုပင်လယ်ပြင်မှ ဆလုံတိုင်းရင်းသားများဖမ်းမိရရှိသည့် ကင်းမွန်များကိုလည်း ပြည်ပဈေးကွက်အတွက် မြိတ်မြို့မှတစ်ဆင့် ရန်ကုန်မြို့သို့တင်ပို့ပြီး ကွန်တိန်နာသင်္ဘောဖြင့် ပြည်ပသို့ အဆက်မပြတ်တင်ပို့ရလျက်ရှိသည့်အတွက် မြန်မာ့ကင်းမွန်များ ပြည်ပဈေးကွက်ပွင့်လန်းလျက်ရှိကြောင်း ရွှေပိတောက်ငါးဈေးမှသိရသည်။ **သစ္စာ(MNA)**







နီးနီးနှုတ်ဆက်သည်။

ယမန်နေ့ကလည်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် လွိုင်ကော်မြို့ လောဓမ္မရပ်ကွက်နှင့် ဒေါ်တမရပ်ကွက်ရှိ ဘူတာလမ်း ကတ္တရာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲသို့တက်ရောက်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဘူတာလမ်း ကတ္တရာကွန်ကရစ်လမ်းသစ် ဖွင့်ပွဲမုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အကအဖွဲ့များကိုဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်၍ လမ်းသစ်ကိုဖြတ်သန်းကြည့်ရှုကာ တက်ရောက်လာသော တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက်လွိုင်ကော်မြို့ တည်ဆောက်ဆဲ သီရိမင်္ဂလာဈေးသစ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းပြီးစီးမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အဆင့်မြင့်ဈေးသစ်တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ လွိုင်ကော်မြို့ ခုတင် (၅၀၀)ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆေးပဒေသာပင် ရန်ပုံငွေကျပ် ၅၅ သိန်း၊ တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ရာ ဆေးရုံအုပ်ကြီးနှင့်ဝန်ထမ်းများက လက်ခံရယူကြသည်။

ထို့နောက် ဖျားနာဆောင်နှင့်သားဖွားမီးယပ်ဆောင်တွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့်လူနာများအား ကြည့်ရှုအားပေးကာ လူနာများအတွက် အာဟာရ





ဖြည့်စွက်စာနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ကျောက်ကပ်တုသန့်စင်ဌာန၊ ရောဂါရှာဖွေရေးဌာန၊ ကွန်ပျူတာဓာတ်မှန်ဌာနနှင့်ဆေးသိုလှောင်ရုံများသို့ လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ပေါ်ရှိ ရွှေတောင်ပရိယတ္တိစာသင်တိုက်၌ကျင်းပသည့် ဆန်၊ ဆီ၊ ပဲ၊ ဆား စသော လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းမင်္ဂလာအခမ်းအနားသို့တက်ရောက်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များက ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လွိုင်ကော်မြို့အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသော သာသနိကအဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ် ၂၃၉ ဒသမ ၀၆၀ သန်းနှင့် လွိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများအတွက် လှူဒါန်းငွေကျပ် သိန်း ၁၅၀ ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းနှင့် ဦးရွှေကြိမ်းတို့က ပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ရွှေတောင်ပရိယတ္တိစာသင်တိုက်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများနှင့်ရေကြီးမြင့်တက်ခဲ့မှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ ကယားပြည်နယ်နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ဗဟိုပြခန်း၊ MSME ပြခန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ သစ်တောနှင့်ယာဉ်စည်းကမ်းလမ်းစည်းကမ်းအသိပညာပေးပြခန်းများ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုပြခန်းများနှင့် ကယားရိုးရာအစားအစာနှင့် အဝတ်အထည်အရောင်းဆိုင်ပြခန်းတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

# တာမွေမြို့နယ်ရှိ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ်ရှိ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယမန်နေ့က အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိဆွေက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အမှတ် (၁၀) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက The Blind Boy Poem Song သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် အမှတ် (၁၀) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း ထူးချွန်ဆုရရှိခဲ့ကြသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား သက်ဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် မိဘဆရာအသင်းဝင်များက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကျောင်းလုပ်ငန်းတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးသော မိဘများအား ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ခဲ့ကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိဆွေက ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းသူလေးများက ဘက်စုံပညာရည် တို့လှမ်းချီသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

အခမ်းအနားသို့ တာမွေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများ၊ အမှတ် (၁၀)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **နိုင်လင်းအောင်(ပြန်/ဆက်)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# More than 70,000 viss of dried swimbladder sent to Yangon market



PYAPON January 15

In Pyapon Township of Ayeyawady Region, Daw Thida, a business owner in Pyapon Township Seawater Dried Fish Market, said that local businesspersons were able to sell up to 73,000 dried Swimbladder pieces to the Yangon market .

"Swimbladders were taken out from seawater fish and systematically processed to keep them under sunray. Due to high demand from Yangon market starting from the first week of November, local fishermen and businesspersons supplied dried swimbladder to Yangon market. Restaurants and hotels purchase dried swimbladders from Yangon market with greater offers," said Daw Thida.

**SMK**

# Tomato production increases in this season

YANGON January 15

It is time that tomato production has been large in highland areas and Inle areas in southern Shan State's Nyaungshwe Township, making consumers enjoy it cheaply, according to vegetable wholesale trading centres in Nyaungshwe.

Similarly, the tomato trade is doing well now due to being cheap, according to vegetable traders in Monywa Township.

Of the two varieties of tomato, Chinese Taipei species are mainly transported to Yangon, Bago, Pyu, Mawlamyine, Bilin and Thaton, while local species, Burmese sour tomato trade have increased as the price has fallen.

"The price of local tomato species has climbed back today, but not too much. Chinese Taipei species, sweet tomato trade is also doing well, with orders from Yangon, Bago and Pyu as well as Mawlamyine, Bilin and Thaton. Both Chinese Taipei species and local species are cheap now so it is time that the trade has been fine," said Ma Shu Shu, a tomato retail and wholesale distributor in Monywa Township.

**SK**

# Tapioca tubers in high trading in Pantanaw Township



PANTANAW January 15

Tapioca tuber, produced in Pantanaw Township of Ayeyawady Region is in high trading, said Daw Ni Ni Win, the owner of agricultural produce trading in Pantanaw Township.

Tapioca tubers are being traded in Pantanaw Township starting from the second week of November this year. It fetches Ks-4,500 per viss in the region.

Daw Ni Ni Win disclosed: "Tapioca tuber is in high trading. Local farmers prefer to grow two species of tapioca in Pantanaw Township. Now, farmers start harvest of the tubers. Thanks to high demand of tapioca, local farmers as well as farming workers are earning incomes for their families. Last year, farmers declined cultivation of sweet potato in Pantanaw Township. So, this year's prices of tapioca are high at the domestic market in addition to demand from Yangon market."

Local farmers grow paddy as well as tapioca in their farms as mixed crops. They grow tapioca on some five acres of land. They need to spend some Ks-370,000 per acre of tapioca and have to earn some Ks-900,000 per acre of products.

**SK**

# Budalin Township cultivates over 3,000 acres of winter onions

BUDALIN January 15

A total of 3,360 acres of onions have been planted during this year's winter crops planting season in Budalin Township, Monywa District, Sagaing Region, according to statistics from the Department of Agriculture for Budalin Township.

During the 2024-2025 winter crops planting season, 3,100 acres of onions are planned to be planted in Budalin Township, and since October this year, 3,360 acres have been planted.

"Currently, we can plant more than the target area for onion cultivation. We are connecting onion markets for onion growers to get good prices," said U Phyo Wai, head of the Department of Agriculture for Budalin Township.

The Township Agriculture Department in Budalin Township is providing market connections so that onion farmers can get a good price, providing technology to keep onions for a long time, planting with GAP system and providing good quality onions. According to onion growers, one acre of onion costs around Ks-1.8 million, and the yield per acre is 5,000 visses.

Onions are grown in Sagaing Region, and the townships that grow onions the most are Monywa, Yinmabin, ChaungU, Shwebo and Myinmu townships. **SMK**

# More than 1,600 acres of croplands placed under green gram in Katha District

KATHA January 15

Katha District Department of Agriculture stated that a total of 1,600 acres of green gram in Katha District of Sagaing Region this cold season.

Local authorities plan to grow 2,000 acres of green gram this cold season but local farmers have planted 1,600 acres of crops.

U Myint Soe, Head of Katha District Department of Agriculture said: "Farmers have so far planted 1,600 acres of green gram against the target of 2,000 acres this cold season. Our department helped local farmers with agricultural techniques and pests."

This year, Katha Township planted 395 acres of green gram, Indaw Township 400 acres, Htigyaing Township 511 acres and Bamauk Township 294 acres, totalling 1,600.

In 2024-2025 cold season, Katha Township earmarked cultivation of green gram on 530 acres of croplands, Indaw Township 435 acres, Htigyaing Township 525 acres and Bamauk Township 510 acres, totalling 2,000.

This year, relevant township Departments of Agriculture raise farmer awareness of growing green gram with agricultural techniques and prevention of pests in addition to broadcasting of fertilizers to boost per-acre yield of crops.

Relevant Departments of Agriculture cooperate with local farmers in distribution of quality strains of crops and agricultural inputs and post-harvest technology. **SK**

# Myinmu Township cultivates over 600 acres of winter onions

MYINMU January 15

A total of 635 acres of onions have been planted during this year's winter crops planting season in Myinmu Township, Sagaing District, Sagaing Region, according to statistics from the Department of Agriculture for Sagaing District.

During the 2024-2025 winter crops planting season, 1,110 acres of onions are planned to be planted in Myinmu Township, and 635 acres have been planted since October this year.

"We are working to be able to plant the designated acres. Onion cultivation is as usual. We are helping the onion growers to get good prices," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

According to onion growers, one acre of onion costs around Ks-1.8 million, and the yield per acre is 5,000 visses.

Onions are grown in Sagaing Region, and the townships that grow onions the most are Monywa, Yinmabin, ChaungU, Shwebo and Myinmu townships.

**SMK**

# ChaungU Township finishes cultivation of peanut on more than 5,000 acres of croplands



CHAUNGU January 15

The statistics of ChaungU Township Agriculture Department stated that a total of 5,415 acres of peanut has been planted in the township of Sagaing Region this year.

Local farmers grew 5,415 acres of peanut against the target of 6,900 acres of crops in ChaungU Township, starting from October this year.

Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department commented: "Local authorities earmarked 5,900 acres of peanut this cold season, 5,415 acres of which has been planted by local farmers. Our department helps local farmers grow crops meeting the target. Peanut plantations are thriving in the township. Sown acreage of peanut is on the rise year by year.

Farmers use 1.5 baskets of peanut seeds per acre and cost more than Ks-200,000 per acre of peanut for quality seeds, labour charge, fertilizers and pesticides. The crops yield more than 50 baskets per acre.

This year, officials of the Township Agriculture Department make field trips to the peanut plantations for thriving of crops, prevention of pests, and removal of weeds.

**SMK**

# Monsoon green gram harvested in Kalay Township

KALAY January 15

A total of 2,222 acres of monsoon green gram has been harvested in Kalay Township of Sagaing Region, according to the statistics of Kalay Township Agriculture Department.

Local farmers planted 2,700 acres of monsoon green gram in Kalay Township. So far, they have reaped 2,222 acres of monsoon green gram, yielding 13.71 baskets per acre.

U Naing Tun Lin, Head of Kalay Township Agriculture Department said: "Local farmers grew 2,700 acres of monsoon green gram, 2,222 acres of which has been harvested so far. Local farmers exceeded the target cultivation of crop. They have planned to expand sown acreage of the bean. Our department helped local farmers boost per-acre yield and use quality seeds."

This year, officials of the Township Agriculture Department raise farmer awareness to use quality seeds, agricultural techniques, prevention of pests and systematic use of fertilziers.

Moreover, the department cooperates with local farmers for providing quality seeds, inputs and post-harvest technology for local farmers.

**SMK**

# Htigyaing Township cultivates over 4,000 acres of winter soybeans

HTIGYAING January 15

A total of 4,655 acres of soybeans have been planted at the time of this year's winter crops planting season in Htigyaing Township, Katha District, Sagaing Region, according to statistics from the Department of Agriculture for Htigyaing Township.

During the 2024-2025 winter crops planting season, 4,605 acres of soybeans are planned to be planted in Htigyaing Township, and since October this year, 4,655 acres have been planted.

"We will provide education to ensure that there is no pest infestation. We have also encouraged farmers to get the necessary seedlings and know about them," said U Ko Ko Aung, head of the Department of Agriculture for Htigyaing Township.

The Township Department of Agriculture has advised the farmers to obtain a clean breed-suitable for the region, to have correct planting method, to control pest, to use fertilizers properly and to improve yield.

It is reported that the department is cooperating with the farmers to have good varieties and inputs needed for good yield and provide technology after the harvesting time.

**SK**

# Taze Township finishes cultivation of more than 1,000 acres of winter green gram

TAZE January 15

According to the statistics of YeU District Agriculture Department, a total of 1,425 acres of green gram has been planted in Taze Township of Sagaing Region this winter.

Local farmers started cultivation of green gram on 1,425 acres of croplands in Taze Township against the target of 4,891 acres of crops in winter of 2024-2025.

U Zaw Myint Tun, Head of YeU District Agriculture Department stated: "Authorities earmarked more than 4,000 acres of green gram this cold season but local farmers have so far planted more than 1,000 acres of crop against the target cultivation. We raise farmer awareness for expansion of sown acreage of green gram with the use of quality strains of crops."

This year, Township Agriculture Department helps local farmers to use quality strains of crops, correct agricultural techniques, prevent pests and systematically broadcast fertilizers and pests for boosting per-acre yield of crops.

This year, the township Agriculture Department cooperates with local farmers in boosting per- acre yield of crops by providing quality seeds, inputs and post-harvest technology. **SK**

# African state launches emergency response to deadly virus



African state launches emergency response to deadly virus.

FREETOWN January 15

Sierra Leone has declared a public health emergency, after confirming two cases of the mpox virus, previously known as monkeypox.

The announcement was made on Monday by Health Minister Austin Demby in the west African nation's capital, Freetown, after a second case of the potentially fatal viral disease was detected.

"The confirmation of two cases of mpox in the country has prompted immediate action as mandated by the Public Health Act," Demby stated.

Last week, Sierra Leone's reported its first mpox case since the continent-wide alert level for the disease was raised last year. In August, the African Union's health authority declared the spread of the virus a "public health emergency of continental security."

Morocco confirmed its first mpox case of the current outbreak in September. Burundi, Kenya, Rwanda, and Uganda have also recorded cases of the disease. According to the WHO, many of the infections have been traced to travel connections with eastern regions of the Democratic Republic of the Congo.

The Sierra Leone Health Ministry has reported that neither of the patients had recent exposure to known infected individuals or animals, and that only the first case involved recent travel. The patients have been identified as a 27-year-old man from a village near Freetown, and a 21-year-old male who lives in the capital. Both are currently being treated at a hospital in Freetown. **RT**

# Death toll from fake alcohol rises to 19 in Istanbul

ISTANBUL January 15

The death toll from bootleg alcohol in Istanbul has risen to 19 in the past two days, up from 11 reported on Tuesday, with 43 people still hospitalized as of Wednesday, according to Turkish broadcaster NTV.

A total of 65 people have sought medical treatment for suspected alcohol poisoning, NTV added.

Istanbul Governor Davut Gul announced on social media platform X, formerly known as Twitter, that authorities had shut down 63 businesses suspected of selling illicit alcohol, revoking their licenses. Gul added that officials are working to identify and prosecute those responsible for the fatalities.

The Istanbul governor's office reported on Tuesday that 48 people died from alcohol poisoning in 2024. In response, the city has pledged to implement stricter measures to combat the sale and consumption of illegal or counterfeit alcohol. **Xinhua**

# SpaceX launches two lunar landers to Moon on one rocket

LOS ANGELES January 15

SpaceX launched two robotic lunar landers developed by two countries to the Moon on one rocket early Wednesday Eastern Time.

The two landers are the Blue Ghost lander from American private aerospace company Firefly Aerospace and the RESILIENCE lander from Japanese firm ispace.

The landers were launched aboard a SpaceX Falcon 9 rocket at NASA's Kennedy Space Center in Florida at about 1:13 a.m. Eastern Time (0613 GMT) Wednesday.

SpaceX confirmed the rocket's main engine cutoff and stage separation. The Falcon 9's first stage successfully landed on a droneship stationed in the Atlantic Ocean.

Firefly's Blue Ghost lander will spend about 45 days traveling to the Moon, aiming to land on the lunar surface in early March. It is targeted to land near a volcanic feature called Mons Latreille within Mare Crisium, a basin approximately 550 km wide in the northeast quadrant of the Moon's near side.

The Blue Ghost carries 10 NASA science investigations as part of the agency's Moon to Mars exploration initiative. The mission seeks to enhance understanding of the Moon's environment and support future human missions to its surface.

Among the experiments are tests of lunar subsurface drilling technology, regolith sample collection, global navigation



SpaceX launches two lunar landers to Moon on one rocket.

satellite systems, radiation-tolerant computing, and methods for mitigating lunar dust, according to NASA.

NASA noted that the mission's findings could also benefit Earth by shedding light on how space weather and cosmic forces affect our planet.

Meanwhile, the Resilience lander from ispace has embarked on a four-to-five-month journey to the Moon. It aims to achieve a soft landing, deploy its TENACIOUS Micro Rover, explore the lunar surface, and collect regolith samples.

**Xinhua**

# At least 32 killed, 73 injured in central Nigeria road accidents

ABUJA January 15

At least 32 people were killed and more than 73 others injured in recent road accidents in Nigeria's central region, local authorities said while bemoaning the incessant nature of road incidents in Africa's most populous country.

Some 19 people were killed and 11 "badly injured" while returning from a wedding ceremony in Plateau State on Saturday, John Dasar, head of the emergency management committee in the Pankshin Local Government Area where the incident occurred, told reporters late Tuesday.

According to Dasar, the bus carrying the wedding guests overturned as it meandered along a rocky road. After the accident, bystanders helped evacuate passengers from the vehicle when it suddenly caught fire, trapping the occupants and burning them beyond recognition.

On Tuesday night, at least six people died and over 60 others sustained various degrees of injuries in a road accident involving an articulated vehicle in Lokoja, the capital of Kogi State, the traffic police said.

Samuel Oyedeji, sector commander of the Federal Road Safety Corps (FRSC) in Kogi State, told reporters late Tuesday that the incident was caused by "over-speeding," while citing a preliminary investigation.

Oyedeji decried the lack of road safety measures on the part of road users, urging motorists to always obey traffic rules to avoid road mishaps.

At least seven people were killed and two others injured in a road accident along the Bida-Mokwa Road in the Lavun Local Government Area of Niger, another state in the country's central region, late Tuesday, the FRSC said.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


# What is the internet?



Your smart watch alerts you of a new social media post from a friend. She just shared a video of her dog jumping in mud.

You probably don’t think at all about how that video got to you. Or consider how your emojis will get back to your friend. You and your friend could be on the same block, or on two different continents, yet the internet connects you. Almost like magic.

But the internet is not magic. The simple explanation is that the internet “is a network of computers where people can share information,” says Anne Lee. She is an expert in telecommunications at Nokia Bell Labs in Naperville, Ill. Telecommunications includes any exchange of information — also called data — over a distance.


The global internet is more than just computers, though. It’s a massive structure, with components that crisscross the globe. Cables snake below your feet. Wireless signals fly over your head. Numerous devices hide within your community. Your devices tap into this structure whenever they exchange data.

When the internet first became commonplace, people called it the “information superhighway.” Thinking about roads can really help you understand how it all works.

**Cables are the roads of the internet**

When your family goes on a road trip, you probably start out on smaller side streets. Then you merge onto a highway where you can travel quickly with lots of other drivers. The internet’s infrastructure is similar. Its vast network of roadlike cables direct data from far-flung places toward large central channels. Traveling data are even called “internet traffic.”

Fiber-optic cables are the roads of the internet. They contain glass filaments that carry data as bursts of light. Over 500 of these cables stretch beneath the oceans. Even more are buried underground or strung up on poles. If you could stretch out all the fiber-optic cable on Earth end-to-end, it would reach around 4 billion kilometers (2.5 billion miles). All that cable would stretch from the sun past the orbit of Uranus!




Just as roads have different numbers of lanes, these cables also come in different sizes. Bigger cables with more filaments can carry more data at once. Bandwidth is the rate of data passing through every second. The thickest cables, about the size of a garden hose, are like an interstate highway. They have the highest bandwidth.

**Routers and exchanges are like intersections**

Traveling somewhere on roads requires making lots of turns. Devices called routers exist anywhere that internet cables come together, like an intersection where roads meet. These devices direct data toward a final destination.

If the ISPs that operate different networks of cables and routers kept their systems separate, that would be a problem. It would be like having entire road systems that people couldn’t reach. To connect the entire world, ISPs have to link up.

**Data centers are like parking garages**

It may seem like your friend’s silly dog video went directly from her device to yours. But that’s not usually what happens. When people share, or upload, a video or anything else to the internet, the content ends up in a building called a data center. This is like a parking garage for data.

A data center is filled with computers called servers. It also contains systems to supply electricity and keep everything cool. Videos and other content sit waiting on those servers until someone asks for them. But that’s not all servers do. They also store the programs required to run many of the apps and software that you use.

Keeping content and programs in a data center means that these files and programs are available whenever anyone wants to use them. So your devices don’t need to keep a copy of every single program or piece of content you need. And your devices can be quite small in size.

**Wireless goes off-road**

For a car to get somewhere, there generally has to be a road to follow. Internet data, though, can easily go off-road. That’s because data can travel through the air in the form of radio signals.

A home or business often has its own Wi-Fi network. In a simple home network, there’s just one router. It has an antenna that sends and receives radio signals from all the devices in the home.

If you are outside without any Wi-Fi, you can often still use the internet. You have to connect to a cellular network. This network uses tall structures called cell towers to send and receive radio signals. You can often see these towers when you’re out driving around. “They have what looks like plates at the top,” says Lee. “Those are antennas.” Cellular networks also contain smaller antennas that aren’t as easy to notice. Wi-Fi routers and cellular antennas have cables that connect them to the rest of the network.

Each cellular antenna can only reach devices located within a certain radius. 5G antennas send signals at the fastest rates. This gives people the highest internet speeds. But these signals also reach the shortest distance. In many areas, wireless antennas are spaced around 1.6 to 5 kilometers (about 1 to 3 miles) apart.

**A video’s internet road trip**

Imagine that you just captured a pic of your cat yawning. You know your friends would love it. You tap to post it to a shared photo album. That single tap triggers a flurry of activity.

First, says Lee, “the picture itself is broken up into small pieces.” These are called packets. Each packet gets bundled with a lot of extra information, such as what the picture is and how to put its packets back together. There’s also info on how to fix any errors that might happen during the journey. And there may be a layer of encryption to keep the packet safe, so no one but the receiver can read its data.

There are also two addresses, one for the sender (you) and another for the receiver. If you’re using an Apple device, the receiver would be a server inside a data center owned by Apple. That data center may be located quite far from you.

Your device sends these packets out into the air as radio signals. The router in your home picks up the signals. It sends them into the fiber-optic network. Now, they are traveling as bursts of light. The packets zip along through many routers and cables. They pass through internet exchange points.

**Science News Explores**

# Business and Economics

## အနောက်နိုင်ငံများမှကုမ္ပဏီများက ရုရှားနှင့်ပူးပေါင်းဆောင်ရွက်မှုများပြန်လည်လုပ်ဆောင်ရန် ဆန္ဒရှိနေ



ရုရှားနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်လုပ်ဆောင်လိုကြောင်း အနောက်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းများ၏ အချက်ပြပြောဆိုမှုများလက်ခံရရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနလက်အောက်ရှိ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဌာနမှ ညွှန်ကြားရေးမှူး ဒီမစ်ဒရီဘီရီချက်စကီက ပြောသည်။

ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် အနောက်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းများအတွက် အရေးပါကြောင်းကို တွေ့ရှိရပြီး ရုရှားအနေဖြင့် ၎င်းစီးပွားရေးလုပ်ငန်းများနှင့် ထိရောက်ပြီးအပြန်အလှန်အကျိုးပြုသည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟုမျှော်လင့်ကြောင်း၊ ရုရှားအစိုးရအနေဖြင့် တွေ့ဆုံဆွေးနွေးရန် လမ်းဖွင့်ထားကြောင်း ဒီမစ်ဒရီဘီရီချက်စကီက Sputnik သတင်းစာနှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင်ပြောသည်။

အနောက်နိုင်ငံများမှ ကုမ္ပဏီများအနေဖြင့် ရုရှားဈေးကွက်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသည်ဟူသော အချက်ပြမှုများ တွေ့မြင်ရကြောင်း၊ ၎င်းကုမ္ပဏီများအနေဖြင့် ရုရှားဈေးကွက်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုကြောင်း၊ သို့သော်အခြေအနေအသစ်များအပေါ်မူတည်၍ ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံအနေဖြင့် ဥရောပသို့ ဓာတ်ငွေ့ပြန်လည်ထောက်ပံ့ပေးရန် အသင့်ရှိကြောင်း၊ သို့သော်ထိုသို့ထောက်ပံ့ပေးမည့် အလားအလာသည် ဝယ်ယူမည့်နိုင်ငံအပေါ် မူတည်ကြောင်း ရုရှားအစိုးရကဆက်လက်ပြောကြားသည်။

N.A

## ၂၀၂၈ ခုနှစ်အထိ ကမ္ဘာလုံးဆိုင်ရာငွေကြေးဖောင်းပွမှု ဆက်လက်ဖြစ်ပွားမည်ဟု စီးပွားရေးပညာရှင်များပြော

ကမ္ဘာလုံးဆိုင်ရာ ငွေကြေးဖောင်းပွမှုသည် လာမည့် ၂၀၂၈ ခုနှစ်အထိ ဆက်လက်ဖြစ်ပွားနေမည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက ဇန်နဝါရီလ ၁၄ ရက်တွင် ထုတ်ပြန်သည့်လေ့လာမှုစစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။

ကမ္ဘာလုံးဆိုင်ရာ ငွေကြေးဖောင်းပွမှုသည် ယခု ၂၀၂၅ ခုနှစ်တွင် ပျမ်းမျှအားဖြင့် ၃ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ၂၀၂၆ ခုနှစ်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းလာနိုင်ကြောင်း ဂျာမနီစီးပွားရေးသုတေသနအင်စတီကျုနှင့် ဆွစ်ဇာလန်စီးပွားရေးအင်စတီကျုတို့မှစီးပွားရေးပညာရှင်များက ဦးဆောင်ထုတ်ပြန်သည့်လေ့လာမှုစာတမ်းတွင် ဖော်ပြထားခြင်းဖြစ်သည်။

ထို့ပြင် ၂၀၂၄ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ငွေကြေးဖောင်းပွမှုနှုန်းသည် အနောက်ဥရောပတွင် ၂ ဒသမ ၁ ရာခိုင်နှုန်း၊ မြောက်အမေရိကတွင် ၂ ဒသမ ၆ ရာခိုင်နှုန်းနှင့် အရှေ့တောင်အာရှဒေသတွင် ၂ ဒသမ ၉ ရာခိုင်နှုန်းအသီးသီးရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

လက်ရှိ ၂၀၂၅ ခုနှစ်တွင် တောင်အာရှဒေသ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၇ ဒသမ ၄ ရာခိုင်နှုန်း၊ တောင်အမေရိကဒေသတွင် ၃၃ ဒသမ ၆ ရာခိုင်နှုန်း၊ မြောက်အာဖရိကဒေသတွင် ၃၇ ဒသမ ၂ ရာခိုင်နှုန်းအထိ ရှိလာနိုင်သည်ဟု စီးပွားရေးပညာရှင်များက ခန့်မှန်းထားသည်။

အဆိုပါလေ့လာမှုစာတမ်းတွင် နိုင်ငံပေါင်း ၁၂၅ နိုင်ငံမှ ကျွမ်းကျင်သူ ၁၃၉၈ ဦးက ပူးပေါင်းပါဝင်၍လေ့လာထားခြင်းဖြစ်သည်။

N.A



## ၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးပို့ကုန်တင်ပို့မှုမှ ဒေါ်လာ ၈ ဘီလီယံအထိရရှိနိုင်မည်ဟု ဗီယက်နမ်မျှော်မှန်း



ဗီယက်နမ်နိုင်ငံသည် ယခု ၂၀၂၅ ခုနှစ်တွင် နိုင်ငံအတွင်းမှ ထွက်ရှိသည့် အသီးအနှံနှင့်ဟင်းသီးဟင်းရွက် စသည့် စိုက်ပျိုးပို့ကုန်တင်ပို့မှုမှ ဒေါ်လာ ၈ ဘီလီယံအထိရရှိနိုင်မည်ဟု မျှော်မှန်းလျက်ရှိသည်။

နိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် လက်ရှိဖြစ်ပွားနေသည့် ကုန်သွယ်ရေးတင်းမာမှုများ၊ ပထဝီနိုင်ငံရေးပဋိပက္ခများသည် အဟန့်အတားများအဖြစ် တည်ရှိနေကြောင်း၊ ဗီယက်နမ်အနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း စိုက်ပျိုးထုတ်ကုန်များတင်ပို့မှုမှ ဒေါ်လာ ၇ ဒသမ ၁ ဘီလီယံအထိရရှိခဲ့ကြောင်း ဗီယက်နမ်အသီးအနှံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ငုယင်သန်းဘင်၏ ဇန်နဝါရီလ ၁၄ ရက်ပြောကြားချက်ကို ကိုးကား၍ ဒေသတွင်းမီဒီယာတစ်ခုကဖော်ပြသည်။

ဗီယက်နမ်စိုက်ပျိုးရေးကုမ္ပဏီများအနေဖြင့် ၎င်းတို့ထုတ်ကုန်များ၏အရည်အသွေးနှင့်ပြိုင်ဆိုင်မှုကို တိုးမြှင့်နိုင်ရန် အာရုံစိုက်လုပ်ဆောင်သင့်ပြီး ဗီယက်နမ်နှင့် နှစ်နိုင်ငံကြား သို့မဟုတ် နိုင်ငံစုံသဘောတူညီချက်များပါ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိစေရန် လုပ်ဆောင်သင့်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ဗီယက်နမ်နိုင်ငံမှထုတ်လုပ်သည့် စိုက်ပျိုးထုတ်ကုန်များသည် ဈေးကွက်ထိုးဖောက်နိုင်မှု တိုးတက်လာလျက်ရှိပြီး တရုတ်နိုင်ငံအတွင်းရှိဈေးကွက်အတွင်းမှာပင်တတိယနေရာမှ ယခုအခါ ဒုတိယနေရာသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း Xinhua သတင်းအေဂျင်စီတွင်ဖော်ပြထားသည်။ N.A

## တစ်ကမ္ဘာလုံးတွင် ၂၀၂၄ ခုနှစ်အတွင်း ရောင်းချနိုင်ခဲ့သည့် လျှပ်စစ်ကားအရေအတွက် စံချိန်တင်မြင့်တက်

တစ်ကမ္ဘာလုံးတွင် ၂၀၂၄ ခုနှစ်အတွင်းရောင်းချနိုင်ခဲ့သည့် လျှပ်စစ်ကားအရေအတွက်သည် ၁၇ ဒသမ ၁ သန်းအထိ စံချိန်တင်မြင့်တက်လာခဲ့ကြောင်း လျှပ်စစ်ကားဆိုင်ရာသုတေသနအဖွဲ့တစ်ခုဖြစ်သည့် Rho Motion က ထုတ်ပြန်သည်။

အဆိုပါရောင်းချနိုင်သည့်ပမာဏသည် ပြီးခဲ့သည့်နှစ်ကပမာဏနှင့်နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် လျှပ်စစ်ကားထုတ်လုပ်ရောင်းချမှုတွင် လွှမ်းမိုးထားပြီး ၂၀၂၄ ခုနှစ်တစ်နှစ်တည်းမှာပင် ကားအစီးရေ ၁၁ သန်း ရောင်းချနိုင်ခဲ့သည်။ တရုတ်လျှပ်စစ်ကားထုတ်လုပ်သည့်ကုမ္ပဏီများအနက် BYD သည် လက်ရှိတွင် ဦးဆောင်နေသည့်အခြေအနေတွင်ရှိနေပြီး တရုတ်နိုင်ငံအတွင်းရှိ လျှပ်စစ်ကားဈေးကွက်၏ သုံးပုံတစ်ပုံကျော်ကို ရယူထားနိုင်သည်။

ဥရောပဒေသတွင်မူ ဗြိတိန်နိုင်ငံက ဂျာမနီအားကျော်တက်၍ ၂၀၂၄ ခုနှစ်တွင် လျှပ်စစ်ကားအစီးရေ ၄၀၀၀၀၀ ကျော်ထုတ်လုပ်ရောင်းချနိုင်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့၌ ၂၀၂၄ ခုနှစ်တွင် လျှပ်စစ်ကားအစီးပေါင်း ၁ ဒသမ ၈ သန်းခန့် ရောင်းချနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၉ ရာခိုင်နှုန်း မြင့်တက်လာသည်။

N.A



# ဂျိုးဘိုင်ဒင်က သမ္မတသစ်အဖြစ်တက်ရောက်လာမည့်ထရမ့်အတွက် ပြဿနာများဖန်တီးဟု လက်ရော့ပြော



**မော်စကို၊ နိုင်ငံရေး**

မကြာမီ ရာထူးမှထွက်ခွာတော့မည့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည်သမ္မတသစ်အဖြစ်တက်ရောက်လာမည့် ဒေါ်နယ်ထရမ့်အတွက် ရင်ဆိုင်ဖြေရှင်းစေရန် ပြဿနာများဖန်တီးလျက်ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့က ပြောသည်။

အမေရိကန်အစိုးရက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ရုရှားစွမ်းအင်ကဏ္ဍအပေါ်ချမှတ်ခဲ့သည့် ပိတ်ဆို့မှုများနှင့် စပ်လျဉ်း၍ ဇန်နဝါရီလ ၁၄ ရက်က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များကမေးမြန်းရာတွင် လက်ရော့က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ အမေရိကန်၏ အဆိုပါပိတ်ဆို့မှုများသည် ရုရှားနိုင်ငံ၏ အဓိကရေနံကုမ္ပဏီကြီးများဖြစ်သည့် Gazprom Neft နှင့် Surgutneftegaz တို့အပါအဝင် ၎င်းတို့၏ လက်အောက်ခံကုမ္ပဏီများအပေါ် အဓိကပစ်မှတ်ထားလုပ်ဆောင်ခြင်းဖြစ်သည်။

၎င်းကုမ္ပဏီများအနက် Naftna industrija Srbije သည် ဆားဘီးယားနှင့် အိမ်နီးချင်းဥရောပနိုင်ငံများသို့ ရုရှားရေနံအားတင်ပို့ခြင်းကို ကိုင်တွယ်လုပ်ဆောင်နေသည့်ကုမ္ပဏီတစ်ခုဖြစ်သည်။

ထို့ကြောင့် ဂျိုးဘိုင်ဒင်အစိုးရ၏ အဆိုပါလုပ်ဆောင်ချက်သည် ရုရှား၊ ဆားဘီးယားတို့အပြင် မကြာမီတက်ရောက်လာပြီး ရုရှားနှင့်တွေ့ဆုံဆွေးနွေးရန်အသင့်ရှိသည်ဟုဖော်ပြခဲ့သည့် ဒေါ်နယ်ထရမ့်အစိုးရကိုပါ ပစ်မှတ်ထားခြင်းဖြစ်ကြောင်း လက်ရော့က ဆက်ပြောသည်။

အမေရိကန်ပြည်သူများသည် တစ်မျိုးတစ်ဖုံကွဲပြားသည့် မူဝါဒတစ်ရပ်ကို အလိုရှိနေကြောင်းကို ဂျိုးဘိုင်ဒင်အစိုးရအနေဖြင့်နားလည်သင့်ကြောင်း၊ သို့သော် ဂျိုးဘိုင်ဒင်အစိုးရသည် အရာအားလုံးကို ပျက်စီးစေရန်သာအလိုရှိကြောင်း လက်ရော့က ထပ်လောင်းပြောကြားသည်။

**Ref: RT**

## သတင်းတိုကဏ္ဍ

### ယူကရိန်းပဋိပက္ခအား နိုင်ငံ့အကျိုးစီးပွား၏ အဓိကဦးစားပေးအဖြစ် ထရမ့်ကယူဆထားခြင်းမရှိဟုဆို

အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရသည့် ဒေါ်နယ်ထရမ့်သည် ယူကရိန်းပဋိပက္ခအားနိုင်ငံ့အကျိုးစီးပွား၏ အဓိကဦးစားပေးအဖြစ် ယူဆထားခြင်းမရှိဟု Bloomberg ရုပ်သံဌာနက ဖော်ပြသည်။

ထရမ့်အနေဖြင့် ယူကရိန်းအား ဆက်လက်ထောက်ခံအားပေးဖွယ်ရှိသော်လည်း ယူကရိန်းအရေးသည် အမေရိကန်ပြည်ထောင်စု၏ အကျိုးစီးပွားအတွက် အလွန်အရေးမကြီးကြောင်းကို ဥရောပခေါင်းဆောင်များအား အချက်ပြအသိပေးထားပြီးဖြစ်ကြောင်း Bloomberg ရုပ်သံဌာနက ဇန်နဝါရီလ ၁၄ ရက်တွင် ဆက်လက်ဖော်ပြသည်။

ထို့ပြင် ဂျိုးဘိုင်ဒင်လက်ထက် အမေရိကန်အစိုးရသည် ၂၀၂၁ ခုနှစ်တွင် အာဖဂန်နစ္စတန်မှ အမေရိကန်တပ်များအား ကသောင်းကနင်းအခြေအနေဖြင့်ပြန်လည်ရုပ်သိမ်းရသည့်အခြေအနေမျိုး ထပ်မံမဖြစ်ပွားစေရန် သတိထားရှောင်ရှားနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Ref: RT**

### ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ကုန်လှောင်ရုံတစ်ခု၌ မီးလောင်ကျွမ်းမှုဖြစ်ပွား အလုပ်သမားနှစ်ဦးသေဆုံး

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ကုန်လှောင်ရုံတစ်ခု၌ မီးလောင်ကျွမ်းမှုဖြစ်ပွားရာ အလုပ်သမားနှစ်ဦးသေဆုံးခဲ့ကြောင်း မီးသတ်အာဏာပိုင်အဖွဲ့က ဇန်နဝါရီလ ၁၅ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါမီးလောင်ကျွမ်းမှုသည် ဒါဗာအိုစီးတီးတွင် ဇန်နဝါရီလ ၁၄ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခြင်းဖြစ်ပြီး အသက် ၁၈ နှစ်နှင့် အသက် ၂၀ နှစ်အရွယ်ရှိ အလုပ်သမားနှစ်ဦးမှာ ကုန်လှောင်ရုံအတွင်း ပိတ်မိနေခဲ့ခြင်းဖြစ်ကြောင်း ခရိုင်မီးသတ်တပ်ဖွဲ့က ပြောသည်။

မီးသတ်တပ်ဖွဲ့ဝင်များက လောင်ကျွမ်းနေသည့်မီးအား နှစ်နာရီကြာနီးပါး ငြိမ်းသတ်ခဲ့ရပြီး ကုန်လှောင်ရုံမှာ လုံးဝမီးလောင်ပျက်စီးသွားကြောင်းသိရသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ မီးသတ်တပ်ဖွဲ့နှင့် အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်။

**Ref: Xinhua**

### အမေရိကန်ပြည်သူများ၏ ရုရှားအပေါ်ထားရှိသော သဘောထားမှာ ပိုမိုအပြုသဘောဆောင်လာဟုဆို

အမေရိကန်ပြည်ထောင်စုတွင် ဒေါ်နယ်ထရမ့်က သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိပြီးနောက် အမေရိကန်ပြည်သူများ၏ ရုရှားအပေါ်ထားရှိသော သဘောထားမှာ ပိုမိုအပြုသဘောဆောင်လာကြောင်း ဥရောပအဖွဲ့ကြီးတစ်ဖွဲ့က ဦးဆောင်ပြုလုပ်သည့် လူထုသဘောထားစစ်တမ်းအရ သိရသည်။

အဆိုပါလူထုသဘောထားစစ်တမ်းကို နိုင်ငံခြားဆက်ဆံရေးဆိုင်ရာ ဥရောပကောင်စီက ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး သဘောထားစစ်တမ်းရလဒ်ကို ဇန်နဝါရီလ ၁၅ ရက်တွင် ဖော်ပြခြင်းဖြစ်သည်။

လူထုသဘောထားစစ်တမ်းအရ အမေရိကန်ပြည်သူ ၁၁ ရာခိုင်နှုန်းက ရုရှားနိုင်ငံအား မိတ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ်သော်လည်းကောင်း၊ အခြား ၂၀ ရာခိုင်နှုန်းက မရှိမဖြစ်လိုအပ်သည့် လုပ်ဖော်ကိုင်ဖက်နိုင်ငံအဖြစ်လည်းကောင်း ရှုမြင်ခဲ့ကြသည်။ သို့ရာတွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအထိ ကောက်ယူခဲ့သည့် လူထုသဘောထားစစ်တမ်းတွင် အမေရိကန်ပြည်သူ သုည ရာခိုင်နှုန်းက ရုရှားအား မိတ်ဖက်နိုင်ငံအဖြစ် သဘောထားခဲ့ခြင်းမရှိရာ ယခုအခါ အမေရိကန်ပြည်သူများ၏ ရုရှားအပေါ်ထားရှိသည့် သဘောထားမှာ ပြောင်းလဲတိုးတက်လာကြောင်းသိရသည်။

**Ref: RT**

# ဘောတစ်ပင်လယ်ရှိ အခြေခံအဆောက်အဦများ ကာကွယ်ရေးအတွက် ရေတပ်စစ်သင်္ဘောများကို ဂျာမနီစေလွှတ်မည်



**ဘာလင်၊ လုံခြုံရေး**

ဂျာမနီနိုင်ငံအနေဖြင့် ဘောတစ်ပင်လယ်ရှိ အခြေခံအဆောက်အဦများ ကာကွယ်ရေးအတွက် ရေတပ်စစ်သင်္ဘောများကို အဆိုပါပင်လယ်သို့စေလွှတ်မည်ဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် အိုလက်ရှို့က ပြောသည်။

ဂျာမနီနိုင်ငံသည် နေတိုးအဖွဲ့၏ မစ်ရှင်သစ်တစ်ခုဖြစ်သည့် ဘောတစ်ပင်လယ်ရှိ ရေအောက်ကေဘယ်ကြိုးများနှင့် ပိုက်လိုင်းများကာကွယ်ရေးအတွက် တာဝန်ယူရန်အသင့်ရှိကြောင်း ဟယ်ဆင်ကီးမြို့၌ ဇန်နဝါရီလ ၁၄ ရက်က ကျင်းပသည့် နေတိုးထိပ်သီးဆွေးနွေးပွဲတွင် သတင်းထောက်များကိုပြောသည်။ သို့သော် ဘောတစ်ပင်လယ်သို့ ရေတပ်စစ်သင်္ဘောများစေလွှတ်မည့် အသေးစိတ်အချက်အလက်များကိုမူ နေတိုးအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နေတိုးအဖွဲ့ဝင်နိုင်ငံများသည်ဘောတစ်ပင်လယ်လုံခြုံရေးအတွက် Baltic Sentry ဟုအမည်ပေးထားသည့် မစ်ရှင်သစ်တစ်ရပ်ကို ဇန်နဝါရီလ ၁၄ ရက်တွင် စတင်ခဲ့ပြီး ၎င်းတို့အနေဖြင့် အဆိုပါပင်လယ်အတွင်းရှိ ရေအောက်ကေဘယ်ကြိုးများနှင့် ပိုက်လိုင်းများပျက်စီးခြင်းကို တုံ့ပြန်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်းသိရသည်။

Baltic Sentry မစ်ရှင်အရ နေတိုးအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဘောတစ်ပင်လယ်အတွင်းသို့ ၎င်းတို့၏စစ်သင်္ဘောများ၊ ရေတပ်သုံးဒရုန်းများနှင့် ရေကြောင်းကင်းထောက်လေယာဉ်များကို ဖြန့်ကြက်စေလွှတ်နိုင်မည်ဖြစ်ရာ ၎င်းနိုင်ငံများ၏ ရေတပ်ပါဝင်မှုကိုပါ တိုးမြှင့်ပေးနိုင်ကြောင်း သိရသည်။

**Ref: MC**

# ဂျပန်နိုင်ငံသို့ ၂၀၂၄ ခုနှစ်အတွင်း လာရောက်လည်ပတ်သူ စံချိန်တင်မြင့်တက်

**တိုကျို၊ ခရီးသွားလုပ်ငန်း**

ဂျပန်နိုင်ငံအတွင်းသို့ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်အတွင်း လာရောက်လည်ပတ်သူ စံချိန်တင် မြင့်တက်လာခဲ့ကြောင်း ဇန်နဝါရီလ ၁၅ ရက်တွင် ထုတ်ပြန်သည့်အချက်အလက်များ၌ ဖော်ပြထားသည်။

ဂျပန်ယန်ငွေတန်ဖိုးကျဆင်းမှုကြောင့် နိုင်ငံအတွင်းသို့ ခရီးသွားပြည်သူများ လာရောက်လည်ပတ်ရန်ဆွဲဆောင်နိုင်ခဲ့ရာ နိုင်ငံအတွင်းသို့ လာရောက်လည်ပတ်သည့် ခရီးသည်အရေအတွက်မှာ ၂၀၂၄ ခုနှစ်တွင် ၃၆ ဒသမ ၈ သန်းကျော်အထိ မြင့်တက်လာကြောင်း ဂျပန်အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့၏ဖော်ပြချက်အရ သိရသည်။

ယင်းပမာဏသည် ၂၀၁၉ ခုနှစ်က နိုင်ငံအတွင်းသို့ဝင်ရောက်လာသည့် ခရီးသည်အရေအတွက်ထက် ကျော်လွန်သွားခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းသို့ ခရီးသည်များဝင်ရောက်မှုပြန်လည်မြင့်တက်လာခြင်းသည် ထင်ရှားသည့် ဖူဂျီတောင်၏ဆွဲဆောင်မှုများကို တိုးမြှင့်ပေးသည့် အစိုးရအဖွဲ့၏မူဝါဒကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း အခြားငွေကြေးများနှင့်လဲလှယ်ရာတွင် ယန်ငွေတန်ဖိုးကျဆင်းခြင်းကြောင့် ပြည်ပခရီးသွားများအတွက် ဂျပန်နိုင်ငံအတွင်းဈေးဝယ်ယူရာတွင် ငွေကြေးပိုမိုသုံးစွဲနိုင်စေခဲ့သည်။

ဂျပန်အစိုးရသည်လာမည့် ၂၀၃၀ ပြည့်နှစ်ခန့်တွင် နိုင်ငံအတွင်းသို့ဝင်ရောက်လာသည့် ခရီးသည်အရေအတွက်ကို သန်း ၆၀ အထိ မြင့်တက်လာစေရန် မျှော်မှန်းလုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

**Ref: ST**



# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ကျိုက်လတ် ဇန်နဝါရီ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီလ ၁၄ ရက်က ကျင်းပသည်။


ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ဆွေဝင်း၊ ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းတို့က မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ မြစန္ဒီခန်းမ၌ ဆုချီးမြှင့်ပွဲကိုကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက်သွားကြစို့ သီချင်းသီဆိုကာ အခမ်းအနားကို ဖွင့်လှစ်သည်။ ဆက်လက်၍ နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည် ဗီဒီယိုအား ပြသပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အဖွင့်အမှာစကားပြောကြားရာတွင် စာကြည့်တိုက်များ ရှင်သန်ခိုင်မာဖွံ့ဖြိုးတိုးတက်စေရေး စာပေဖတ်ရှုခြင်း အလေ့အထမှ အလေ့အကျင့်ဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်၊ စာဖတ်ခြင်းအလေ့အထနှင့် စာကြည့်တိုက်အသုံးပြုမှုများကို မိမိတို့ဘဝ တစ်လျှောက်လုံး အသုံးချဆောင်ရွက်ကာ ပတ်ဝန်းကျင်၊ ကျောင်း၊ တိုင်းပြည်ကောင်းအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ထည့်သွင်းပြောကြားသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက အလှဆုံးပန်းများပွင့်ကြပြီ သီချင်းအပါအဝင် တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် ပွဲတော်၌ပါဝင်သော ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ကာ ပွဲတော်အတွင်း ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ချမ်းမြေ့**

# ဆေးဆိုင်များ၌ စံမညီဆေးဝါးများ သက်တမ်းကုန်ဆေးဝါးများ စပ်ဆေးများ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေး



မိတ္ထီလာ ဇန်နဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ ဆေးဆိုင်များ၌ ဆေးဝါးထားသိုမှုနှင့် ဖြန့်ဖြူးရောင်းချစနစ်များ၊ စံမညီဆေးဝါးများ၊ သက်တမ်းကုန်ဆေးဝါးများ၊ စပ်ဆေးများရောင်းချခြင်းရှိ/မရှိနှင့် သတ်မှတ်ချက်များ ကိုက်ညီမှုရှိ/မရှိ အခြေအနေများကို ဇန်နဝါရီလ ၁၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး၏ ညွှန်ကြားမှုဖြင့် စစ်ဆေးရေးအရာရှိ ဦးဆောင်သော စျေးကွက်စောင့်ကြည့်စစ်ဆေးရေးအဖွဲ့သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့တို့နှင့်ပူးပေါင်း၍ မိတ္ထီလာမြို့နယ်ရှိ ဆေးဆိုင်များကို စျေးကွက်စောင့်ကြည့်စစ်ဆေးခြင်းဖြစ်ပြီး ထိုသို့စစ်ဆေးရာတွင် ဆေးဝါးထားသိုမှုနှင့် ဖြန့်ဖြူးရောင်းချစနစ်များ၊ စံမညီဆေးဝါးများ၊ သက်တမ်းကုန်ဆေးဝါးများ၊ စပ်ဆေးများရောင်းချခြင်းရှိ/မရှိနှင့် သတ်မှတ်ချက်များ ကိုက်ညီမှုရှိ/မရှိ စစ်ဆေးကြသည်။

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူကာကွယ်ပေးရေးဥပဒေအရ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ စားသုံးသူနစ်နာဆုံးရှုံးမှုများအပေါ် တိုင်ကြားလာ၍သော်လည်းကောင်း၊ စားသုံးသူများ ဘေးအန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆရသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ သော်လည်းကောင်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်၍ စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(၆၀၂)**

# ပွင့်ဖြူမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေး

ပွင့်ဖြူ ဇန်နဝါရီ ၁၅


မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ခုပ်ပင်ကျေးရွာအုပ်စု သာစည်ကျေးရွာ၌ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ဇန်နဝါရီလ ၁၄ ရက်က ထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှဌေးမောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သာစည်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သာစည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၇ ဦးကို ငွေကျပ် ၃၀ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၁၀ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၃ ဒသမ ၃ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၈ ဦးကို ငွေကျပ် ၅၆ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**




# ထန်းတောကျေးရွာ၌ ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

မလှိုင် ဇန်နဝါရီ ၁၅


မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဖျောက်ဆိပ်ကျင်းကျေးရွာအုပ်စု ထန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇန်နဝါရီလ ၁၅ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၃၇ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထန်းတောကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးအတွက် ငွေကျပ် ခုနစ်သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးအတွက် ငွေကျပ် ၂၈ ဒသမ ၆၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးအတွက် ငွေကျပ် ၁ ဒသမ ၃၅ သန်း စုစုပေါင်းငွေကျပ် ၃၇ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မန္တလေးမြို့တွင် မြန်မာ-အိန္ဒိယနယ်စပ်သို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သည့်အဖွဲ့အား ဘိန်းဖြူ ၅ ဒသမ ၉၄ ကီလို၊ PHENSEDYL ၃၀ ပုလင်းနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ





ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီလ ၇ ရက်နေ့ ညနေ ၄ နာရီအချိန် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂) ရပ်ကွက်၊ ၄၁(A)လမ်း၊ ၆၁ x ၆၂ လမ်းကြားတွင် မူးယစ်ဆေးဝါးအရောင်းအဝယ် ပြုလုပ်နေကြောင်း သတင်းအရရှာဖွေစစ်ဆေးခဲ့ရာ စောဖြိုးအောင်၊ လင်းလင်းအောင်၊ လှိုင်ဖြိုးထွေး(ခ)ကိုထွေးနှင့် အောင်မျိုးသိန်း(ခ)တာတီးတို့ ၄ ဦးအား TOYOTA CROWN မော်တော်ယာဉ်တစ်စီး၊ ပလတ်စတစ်ဆပ်ပြာခွက် ၆၆၀ ခွက်ဖြင့် ထည့်လျက် ဘိန်းဖြူ ၅ ဒသမ ၉၄ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၄ နာရီခွဲအချိန် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်ရှိ စောဖြိုးအောင်၏ နေအိမ်မှတစ်ပုလင်းလျှင် ၁၀၀ မီလီလီတာစီပါ PHENSEDYL ၃၀ ပုလင်းထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ နားရိုင်းရွာသစ်ကျေးရွာနေ ကိုစိုင်း(ခ) အားချိန်၏အစီအမံဖြင့် ချမ်းအေးသာစံမြို့နယ်နေ အောင်သူ (ခ)စိန်သောင်းမှ တာဝန်ခံ၍ လှိုင်ဖြိုးထွေး၊ သန့်ဇင်ထွန်း၊ လင်းလင်းအောင်နှင့် ဇော်မျိုးသိန်းတို့အား သယ်ဆောင်ခိုင်းပြီး ချမ်းအေးသာစံမြို့နယ်နေ စောဖြိုးအောင်မှမန္တလေးမြို့တွင် ဘိန်းဖြူများဝယ်ယူ၍ မြန်မာ-အိန္ဒိယနယ်စပ်၊ တမူးမြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ပြီး မြန်မာ-အိန္ဒိယနယ်စပ်နေ ကီရန်းမှပြန်လည်ရောင်းချခြင်းဖြစ်ကြောင်းနှင့် ကလေးမြို့မှမန္တလေးမြို့သို့ PHENSEDYL များ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ဘိန်းဖြူရောင်းချပေးခဲ့သည့် အောင်သူနှင့်သန့်ဇင်ထွန်းတို့အား ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ လိန်းလီကျေးရွာအနီးတွင် SUZUKI Ciaz မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း၊ PHENSEDYL များ ရောင်းချပေးခဲ့သူ လှိုင်မျိုးထွန်း(ခ) သီလွန်းအား မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့၍ ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

# ချောက်မြို့နယ်၊ ဆည်ကန်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း မဟုတ်မမှန်သတင်းအမှားများရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၅

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်ရှိ ဆည်ကန်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့ကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအတု သတင်းအမှားများရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည့်သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်းသိရှိရပြီး အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုအား အနိုင်ကျင့်ခြိမ်းခြောက်မှုများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့် ဓာတ်ပုံများကို အသုံးပြု၍ မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်၊ လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၁၃ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၂၄၈၀၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။





ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။


ထို့ပြင် **ဇန်နဝါရီလ ၁၄ ရက်**တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟိုပုံးမြို့နယ်၊ ကျိုင်းတုံ-တောင်ကြီး ပြည်ထောင်စုလမ်းမကြီးအနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ်၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဟိုပုံးမြို့နယ်၊ ဟိုပုံးရေထွက်အနီး၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၅၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျိုင်းတုံမြို့၊ ကျိုင်းဖောင်းရွာအနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင် လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၆၅၈၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တောင်ငူခရိုင်နှင့်ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်သစ်မာ (၁ ဒသမ ၂၅၄) တန်၊ အခြားသစ် (သုည ဒသမ ၈၁၅)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၈၄၅၆)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၄၈၄၅၆)**ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။









မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် UD Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း၊ မိုင်တိုင်အမှတ် (၃၆၆/၆)၊ တံခွန်တိုင်အဝိုင်းအနီး၌မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၀၅၄၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Scania Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၂၃၀၄၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့၊ အမှတ်(၅) ရပ်ကွက်၌ လိုင်စင်မဲ့ Honda PCX မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ်၆၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်၌ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၆၅၀)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၈၂၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီလ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၄၅၀၄၃၂၀)**ကို ဖမ်းဆီးရမိသည်။ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၁-၂၀၂၅ | ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၇၅ | ၃၁၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၁၈၅ | ၃၂၁၀ | ၃၂၂၅ | ၃၁၄၅ | ၄၅၀၅ | ၃၄၄၀ | ၃၁၆၀ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၇၅ | ၃၈၅၀ |
| 95 Ron | ၃၁၆၀ | ၃၂၇၅ | ၃၂၄၀ | ၃၁၇၅ | ၃၂၈၀ | ၃၂၈၅ | ၃၃၁၀ | ၃၂၃၀ | ၄၅၆၀ | ၃၅၂၅ | ၃၂၅၀ | ၃၂၅၀ | ၃၃၂၀ | ၃၂၈၅ | ၃၃၀၅ | ၃၅၆၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၇၁၀ | ၂၈၂၅ | ၂၇၉၀ | ၂၇၂၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၇၅ | ၂၈၀၀ | ၂၈၀၀ | ၂၈၇၀ | ၂၈၃၅ | ၂၈၆၀ | ၃၁၁၅ | ၃၈၅၀ |
| HSD (50 ppm) | ၃၃၄၀ | ၃၄၅၀ | ၃၄၂၀ | ၃၃၅၅ | ၃၄၆၀ | ၃၄၇၅ | ၃၄၉၀ | ၃၄၁၀ | ၄၈၃၀ | ၃၇၀၀ | ၃၄၂၅ | ၃၄၃၀ | ၃၅၀၀ | ၃၄၆၀ | ၃၄၈၅ | ၃၇၄၀ | - |
| HSD (10 ppm) | ၃၃၄၀ | ၃၄၅၀ | ၃၄၂၀ | ၃၃၅၅ | ၃၄၆၀ | ၃၄၇၅ | ၃၄၉၀ | ၃၄၁၀ | - | ၃၇၀၀ | ၃၄၂၅ | ၃၄၃၀ | ၃၅၀၀ | ၃၄၆၀ | ၃၄၈၅ | ၃၇၄၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၂ | ၂၉၉၄ |
| 95 Ron | ၂၉၈၆ | ၃၀၇၉ |
| HSD (500 ppm) | ၂၅၅၁ | ၂၆၃၂ |
| HSD (50 ppm) | ၃၀၅၈ | ၃၁၅၁ |
| HSD (10 ppm) | ၃၀၅၈ | ၃၁၅၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ညစ်ညမ်းစာများကို ပုံနှိပ်၊ ထုတ်ဝေခဲ့သည့်အတွက် လုပ်ငန်းပိတ်သိမ်းထားသော ပုံနှိပ်သူနှင့် ထုတ်ဝေသူစာရင်းအား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အောက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)ပါ ညစ်ညမ်းစာများကိုဖော်ပြခြင်း စည်းကမ်းချက်ကိုဖောက်ဖျက်၍ ဟီရိဩတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော၊ လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့် ခံစားနားလည်မှုကို လွဲမှားစေနိုင်သော အကြောင်းအရာများကို ပုံနှိပ်၊ ထုတ်ဝေဖြန့်ချိခဲ့ကြောင်း တွေ့ရှိရပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူအမည် | ပုံနှိပ်သူ/ထုတ်ဝေသူ အမည်/မှတ်ပုံတင်အမှတ်/ စာပေတိုက် | ပုံနှိပ်သူ/ ထုတ်ဝေသူ နေရပ်လိပ်စာ | အရေးယူဆောင်ရွက်မှု |
|---|---|---|---|---|---|
| (က) | "သခင်ကြင်လျှင် ပန်တော်မူ" | Poe Sone Kyuu | ဒေါ်အေးအေးသင်း မာစတာ(Master) မိတ္တူ (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ) | အမှတ်-၁၀၃၊ ဝေဇယန္တာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း -ပုံနှိပ်ခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိခြင်း -ထုတ်ဝေစာပေးပို့ရန်ပျက်ကွက်ခြင်း |
| | | | ဒေါ်အေးသီဟန်ဖြိုး ၁၂/သကတ(နိုင်) ၁၉၈၆၁၂ (Euphoria Book House -၀၃၁၅၃) | အမှတ်(၁၂၄၁/ ခ)၊ ခိုင်ရွှေဝါ(၁) လမ်း၊ (၁၃) ရပ်ကွက်၊ ၁၀/တောင်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ | |
| (ခ) | "အို ... ဤအချစ်များရယ် ဘာကြောင့်ဆုံဖို့စက်ရတယ်" | Suri Park | ဒေါ်အေးအေးသင်း မာစတာ(Master) မိတ္တူ (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ) | အမှတ်-၁၀၃၊ ဝေဇယန္တာလမ်း၊ ၆- ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း -ပုံနှိပ်ခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိခြင်း -ထုတ်ဝေစာပေးပို့ရန်ပျက်ကွက်ခြင်း |
| | | | ဒေါ်အေးသီဟန်ဖြိုး ၁၂/သကတ(နိုင်) ၁၉၈၆၁၂ (Euphoria Book House -၀၃၁၅၃) | အမှတ်(၁၂၄၁/ ခ)၊ ခိုင်ရွှေဝါ(၁) လမ်း၊ (၁၃) ရပ်ကွက်၊ ၁၀/တောင်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း -ပုံနှိပ်ခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိခြင်း -ထုတ်ဝေစာပေးပို့ရန်ပျက်ကွက်ခြင်း |
| (ဂ) | "ရင်ခွင်ညှာရယ် ချစ်လွန်းပိုစ်၏" | Mirella-vc | ဒေါ်အေးအေးသင်း မာစတာ(Master) မိတ္တူ (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ) | အမှတ်-၁၀၃၊ ဝေဇယန္တာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများဖော်ပြခြင်း -ပုံနှိပ်ခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိခြင်း -ထုတ်ဝေစာပေးပို့ရန်ပျက်ကွက်ခြင်း |
| | | | ဒေါ်အေးသီဟန်ဖြိုး ၁၂/သကတ(နိုင်) ၁၉၈၆၁၂ (Euphoria Book House -၀၃၁၅၃) | အမှတ်(၁၂၄၁/ ခ)၊ ခိုင်ရွှေဝါ(၁) လမ်း၊ (၁၃) ရပ်ကွက်၊ ၁၀/တောင်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ | |

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ဝေစာများအား ဖတ်ရှုလေ့လာစိစစ်၍ ကြပ်မတ်စိစစ်လျက်ရှိပါကြောင်းနှင့် အဆိုပါ ဥပဒေစည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သော အထက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူတို့အား ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ရုပ်သိမ်းခြင်း၊ ထုတ်ဝေစာအုပ်များကို တရားမဝင်ထုတ်ဝေစာအဖြစ် ထုတ်ပြန်ကြေညာခြင်း၊ ဥပဒေနှင့်အညီတရားစွဲဆိုခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို လေးစားလိုက်နာကြရန်နှင့် ဥပဒေပါစည်းကမ်းချက်များကို ဖောက်ဖျက်၍ ပုံနှိပ်၊ ထုတ်ဝေခြင်းများကိုပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

၁၅-၁-၂၀၂၅

## ထူးခြားသည့် ညအပူချိန်များ

| | | | |
|---|---|---|---|
| ဟားခါး | ၁ | ဒသမ ၈ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် (ရှမ်းပြည်နယ်တောင်ပိုင်း) | ၂ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၃ | ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၄ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် | |
|---|---|---|
| နေပြည်တော် | ၁၄°c | ၃၀°c |
| ရန်ကုန် | ၁၅°c | ၃၂°c |
| မန္တလေး | ၁၅°c | ၃၀°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## အကြမ်းဖက်မှုပပျောက်ရေးအတွက်ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။





### ပျောက်ဆုံးကြောင်း
စိုင်းကျော်သန်း(ဘ)ဦးယူကျမ်း ၁၃/လရန(နိုင်)၂၃၄၃၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၇၆၅၂၁၇၉

### ပျောက်ဆုံးကြောင်း
ဦးသန်းစိုး(ဘ)ဦးအေးကျော် ၉/ကပတ(နိုင်)၀၀၂၁၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 411655)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၉၃၅၃၅၄၁

### ပျောက်ဆုံးကြောင်း
တင်ဝင်း(ဘ)ဦးမြသာထွန်း ၁၁/သတန(နိုင်)၀၀၈၃၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(995593)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၀၅၂၃၈၂

### ပျောက်ဆုံးကြောင်း
မြတ်ကေခိုင်(ဘ)ဦးအေးဝင်း ၁၄/မအပ(နိုင်)၂၇၇၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 303550)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၄၇၄၂၅၆၅




### ပျောက်ဆုံးကြောင်း
သဉ္ဇာဖွေး(ဘ)ဦးမြင့်အေး ၁၄/ဝခမ(နိုင်)၃၁၆၇၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 646334)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၆၆၉၄၅၃၉

### ပျောက်ဆုံးကြောင်း
ချိုချိုထွန်း(ဘ)ဦးထွန်းဝင်း ၁၂/တမန(နိုင်)၀၃၀၆၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၀၁၇၆၃၇

### ပျောက်ဆုံးကြောင်း
နော်ရော်သန်း(ဘ)ဦးဗန်လာလ်အိုင်း ၅/ကလထ(နိုင်)၁၁၅၄၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# အယ်နာဆာအသင်းက စီရော်နယ်ဒိုကို စံချိန်တင်လုပ်ခလစာတစ်ရပ်ဖြင့် နောက်ထပ်တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်




ရီယက် ဇန်နဝါရီ ၁၅

အယ်နာဆာအသင်းက အဓိကတိုက်စစ်မှူး စီရော်နယ်ဒိုကို မြင့်မားသော စံချိန်တင်လုပ်ခလစာတစ်ရပ်ဖြစ်သည့် တစ်နှစ်လုပ်ခလစာ ယူရို သန်း ၂၀၀ ဖြင့် တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

စီရော်နယ်ဒိုသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက မန်ယူအသင်းနှင့်စာချုပ်ဖျက်သိမ်းကာ လမ်းခွဲပြီး နောက် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ဆော်ဒီပရိုလိဂ်ပြိုင်ပွဲသို့ ပထမဆုံးပြောင်းရွှေ့ကစားသည့် ဥရောပထိပ်တန်းကစားသမားဖြစ်လာခဲ့ပြီး စီရော်နယ်ဒိုပြောင်းရွှေ့ကစားပြီးနောက် တခြားဥရောပထိပ်တန်းကစားသမားအများစုလည်း ပြောင်းရွှေ့ကစားခဲ့သည်။

စီရော်နယ်ဒိုနှင့် အယ်နာဆာအသင်းတို့စာချုပ်သက်တမ်းမှာ ယခုနှစ်အတွင်း ကုန်ဆုံးမည်ဖြစ်သည့်အတွက် အယ်နာဆာအသင်းက စံချိန်တင်လုပ်ခလစာပေးချေပြီး တစ်နှစ်သက်တမ်းတိုးမည့်အပြင် နောက်ထပ်တစ်နှစ်သက်တမ်းတိုးခွင့်ပါ ချုပ်ဆိုမည်ဖြစ်သည်။

ထို့ပြင် ဆော်ဒီအစိုးရကလည်း စီရော်နယ်ဒိုကို ဆော်ဒီနိုင်ငံဘောလုံးပုံရိပ်ကို မြှင့်တင်ပေးသည့်အတွက် တစ်ပတ်လျှင် စတာလင်ပေါင် ၃ ဒသမ ၈ သန်း အပိုဆုကြေးအဖြစ်ပေးချေမည်ဖြစ်သည့်အပြင် အယ်နာဆာအသင်း၏ဂျာစီရောင်းချရမှုများမှလည်း ကွင်းပြင်ပဝင်ငွေအဖြစ် တစ်နှစ်လျှင် စတာလင်ပေါင် ၄၉ သန်းရရှိမည်ဖြစ်သည့်အတွက် လက်ရှိဘောလုံးလောကတွင် လုပ်ခလစာအများဆုံးရရှိသည့် ကစားသမားအဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# တိုက်စစ်ကစားသမားဂျီးဆပ် ဒဏ်ရာကြောင့်ကာလရှည်အနားယူရမည်ဖြစ်သည့်အတွက် တိုက်စစ်ကစားသမားတစ်ဦးခေါ်ယူရန် အာဆင်နယ်အသင်းစီစဉ်နေ

လန်ဒန် ဇန်နဝါရီ ၁၅

အာဆင်နယ်အသင်းက ပြီးခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်အဖြစ်ကစားသည့် မန်ယူအသင်းနှင့်ပွဲစဉ်တွင် တိုက်စစ်ကစားသမား ဂျီးဆပ်အနေဖြင့် ဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိပြီး ကာလရှည်အနားယူရမည်ဖြစ်သည့်အတွက် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင်ပင် တိုက်စစ်ကစားသမားတစ်ဦးခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် အစောပိုင်းက ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် တိုက်စစ်ကစားသမားတစ်ဦးခေါ်ယူရန် အစီအစဉ်မရှိခဲ့သော်လည်း လက်ရှိတွင် ဂျီးဆပ်အနေဖြင့် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ယခုဘောလုံးရာသီကုန်အထိ အနားယူရမည့်အခြေအနေကြောင့် လက်ကျန်ပွဲစဉ်များအတွက် တိုက်စစ်ကစားသမားတစ်ဦး ခေါ်ယူရန် စတင်စီစဉ်နေခြင်းဖြစ်သည်။

အာဆင်နယ်အသင်းက အစောပိုင်းက လိုအပ်ချက်များရှိနေသည့်အသင်းတိုက်စစ်ပိုင်းအတွက် နယူးကာဆယ်အသင်းမှ အီဆက်ကို ခေါ်ယူရန်စီစဉ်နေသော်လည်း နယူးကာဆယ်အသင်းက အီဆက်ကို လက်မလွှတ်လိုသည့်အတွက် ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၁၅၀ သတ်မှတ်ထားသောကြောင့် အာဆင်နယ်အသင်းအနေဖြင့် ခေါ်ယူရန်ခက်ခဲနေခြင်းဖြစ်သည်။

အစောပိုင်းက အာဆင်နယ်အသင်းအနေဖြင့် မန်ယူအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် တိုက်စစ်ကစားသမား ရက်ရှ်ဖို့ဒ်နှင့် သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါတွင် ပီအက်စ်ဂျီအသင်းက ရောင်းချရန်ပြင်ဆင်နေသည့် တိုက်စစ်ကစားသမားမူအာနီကို ခေါ်ယူရန်စီစဉ်နေပြီး ပီအက်စ်ဂျီအသင်းကလည်း မူအာနီကို အပြီးသတ်မဟုတ်လျှင်လည်း အငှားစာချုပ်ဖြင့် စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

*Ref;90 Min*

# ပီအက်စ်ဂျီအသင်းက နာပိုလီအသင်း တောင်ပံကစားသမား ခါဗီချာကို ယူရို သန်း ၇၀ ဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုကာခေါ်ယူ




ပဲရစ် ဇန်နဝါရီ ၁၅

ပီအက်စ်ဂျီအသင်းက နာပိုလီအသင်း တောင်ပံကစားသမား ခါဗီချာကို မြင့်မားသော ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ပြောင်းရွှေ့ကြေးယူရို သန်း ၇၀ ဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၃ နှစ်အရွယ် ဘယ်တောင်ပံကစားသမား ခါဗီချာသည် ၂၀၂၂ ခုနှစ်က ရုရှားကလပ် ရူဘင်ကာဇန်အသင်းမှ နာပိုလီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်ပထမဆုံးဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ နာပိုလီအသင်း စီးရီးအေချန်ပီယံဆုဆွတ်ခူးနိုင်ရာတွင် အဓိကကစားသမားအဖြစ်ပါဝင်ခဲ့ပြီး ပြိုင်ပွဲစုံ ၄၃ ပွဲအထိ ပါဝင်ကစားခဲ့ကာ ၁၄ ဂိုးသွင်းယူနိုင်ပြီး ဂိုးဖန်တီးမှု ၁၄ ကြိမ် ပြုလုပ်နိုင်ခဲ့သည်။

အလားတူ ဒုတိယမြောက်ဘောလုံးရာသီတွင်လည်း အသင်းအဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၁၉ ပွဲ ကစားပြီးချိန်တွင် ငါးဂိုးသွင်းယူကာ ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်ထားနိုင်ခဲ့သူဖြစ်သည်။

ခါဗီချာကို လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်ထိပ်တန်းအသင်းကြီးများနှင့် စပိန်လာလီဂါထိပ်တန်းအသင်းကြီးများက ခေါ်ယူနိုင်သည့်အခြေအနေများကြောင့် ပီအက်စ်ဂျီအသင်းက ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင်ပင် ခေါ်ယူရန် ကြိုးပမ်းခဲ့ရာမှ ယခုအခါ ပြောင်းရွှေ့ကြေးယူရို သန်း ၇၀ ဖြင့် ခေါ်ယူနိုင်ခဲ့ပြီး လုပ်ခလစာကို ဖော်ပြခြင်းမရှိသေးသော်လည်း နာပိုလီအသင်းတွင် ရရှိနေသည့်လုပ်ခလစာထက် သုံးဆခန့် ပိုမိုရရှိမည်ဖြစ်သည်။

ခါဗီချာသည် အသင်းဘယ်တောင်ပံတွင်သာမက ညာတောင်ပံနှင့် အထောင်တိုက်စစ်ပိုင်းတွင်လည်း အကောင်းဆုံးကစားနိုင်သူတစ်ဦးဖြစ်သည့်အတွက် ပီအက်စ်ဂျီအသင်းက မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

နာပိုလီအသင်းကလည်း အဓိက ကစားသမား ခါဗီချာကို လက်လွှတ်ခဲ့ရသောကြောင့် ၎င်း၏နေရာ၌ အစားထိုးရန်အတွက် မန်ယူအသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် လူငယ်တောင်ပံကစားသမား ဂါနာချိုကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွက် ပြင်သစ်လီဂူးပြိုင်ပွဲ၏ တစ်လတာ အကောင်းဆုံးကစားသမားဆုကို ဂရင်းဝုဒ်ဆွတ်ခူး

ပဲရစ် ဇန်နဝါရီ ၁၅

၂၀၂၄ ခုနှစ် ပြင်သစ်လီဂူးပြိုင်ပွဲ၏ ဒီဇင်ဘာလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို မာဆေးလ်အသင်း တောင်ပံကစားသမား ဂရင်းဝုဒ်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဂရင်းဝုဒ်သည် ယခုဘောလုံးရာသီတွင် မန်ယူအသင်းမှ မာဆေးလ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင်ပင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ သွင်းဂိုးများသွင်းယူလျက်ရှိသည်။

ဂရင်းဝုဒ်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း မာဆေးလ်အသင်းနှင့်အတူ ပြင်သစ်လီဂူးပြိုင်ပွဲတွင် လေးပွဲကစားခဲ့ရာ မိုနာကိုအသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး၊ စိန့်အက်တီယန်အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး ပွဲစဉ်တိုင်းတွင်လည်း အကောင်းဆုံးခြေစွမ်းပြကစားနိုင်သည့်အတွက် ပြင်သစ်လီဂူးပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂရင်းဝုဒ်သည် ယခုဘောလုံးရာသီ အသင်းနှင့်အတူ ပြင်သစ်လီဂူးပြိုင်ပွဲ၌ ၁၇ ပွဲကစားပြီးချိန်တွင် ၁၁ ဂိုးသွင်းယူနိုင်သကဲ့သို့ ပြိုင်ပွဲစုံတွင်လည်း ၁၈ ပွဲကစားပြီး ၁၂ ဂိုးသွင်းယူကာ ဂိုးဖန်တီးမှုသုံးကြိမ်ပြုလုပ်ထားကြောင်း သိရသည်။

*Ref;Fotmob*

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
## မဟာစေတျာရာမ ဘုရားကြီးကျောင်းတိုက် ဩဝါဒါစရိယ
## နဝဓုတင်္ဂါစာရဆရာတော်ဘုရားကြီး
## ဘဒ္ဒန္တပညာသာရ
## သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၂)ဝါ (ဟသ်ာတမြို့)

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့၊ ဘုရားကြီးရပ်ကွက် မဟာစေတျာရာမဘုရားကြီးကျောင်းတိုက်၏ ဩဝါဒါစရိယ ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တပညာသာရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) နဝဓုတင်္ဂါစာရ မဟာထေရ်မြတ်ကြီးသည် (၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်နေ့) ၁၃-၁-၂၀၂၅ ရက်(တနင်္လာနေ့)နံနက် ၅:၅၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်) ၁၉-၁-၂၀၂၅ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ဟသ်ာတမြို့၊ နတ်မော်ရွာ၊ ဗုဒ္ဓမဏ္ဍိုင်အပြည်ပြည်ဆိုင်ရာပဋ္ဌိပတ္တိဌာန (၁၀၈)ခန်းကမ္မဋ္ဌာန်းတိုက်ကြီးနှင့်ကပ်လျက် ဗုဒ္ဓမဏ္ဍိုင်မွေးပွင့်ဟောစံ သတ္တဌာန ဓာတ်တော်တိုက်ကြီးအတွင်းသို့ ပင့်ဆောင် ပူဇော်ထားရှိမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**စျာပနကော်မတီအဖွဲ့ ဘုရားကြီးကျောင်းတိုက်၊ ဟသ်ာတမြို့။**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ သမိုင်း (အထူးပြု) ၂၀၂၄ ၄သ-၄၉(ဝ၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မောင်ပြေငြိမ်းထိုက်၏ဖခင် ဦးအေးချိုနှင့် ဦးအေးညို ၉/တကန(နိုင်)၀၉၃၃၉၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအေးချို(ခ)ဦးအေးညို**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်အဝေးသင်သင်တန်း၊ မြန်မာစာ (အထူးပြု) ၂၀၂၄ ၄မ-၅၆(ဝ၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မစတဲလာနှင့်မစတယ်လာ ၁၃/ကတန(နိုင်)၁၅၀၇၃၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မစတဲလာ(ခ)မစတယ်လာ**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မန္တလေးတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ အင်္ဂလိပ်စာ(အထူးပြု) ၂၀၁၆ ၄အ-၂(ဝ၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မခင်လပြည့်ဝန်းနှင့်ခင်လပြည့်ဝင်း ၁၃/ကတန(နိုင်)၁၅၂၆၄၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မခင်လပြည့်ဝန်း(ခ)ခင်လပြည့်ဝင်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီဝင်(အထူးပြု) ၂၀၂၄ ၄ပ-၂၀၁(ဝ၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသောမဖြူဖြူအောင်၏ဖခင် ဦးအားရှင်းဆိုနှင့် ဦးအာရှင်းဆို ၁၃/ကတန(နိုင်)၀၇၅၉၉၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအားရှင်းဆို(ခ)ဦးအာရှင်းဆို**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ စိတ္တသုခ အ.ထ.က တွင် ပညာသင်ကြားနေသော Grade-6 မှ မလမင်းဝင့်ဝါ၊ Grade-10 မှ မကြယ်စင်လင်းလက်တို့၏ဖခင် ဦးမော်စန်း၏အမည်မှန်မှာ ၈/ရစက(နိုင်)၂၅၉၄၁၀ အရ ဦးမော်ဆန်းဖြစ်ပါကြောင်း။ **ဦးမော်ဆန်း**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အမှတ်(၂)အ.ထ.က(ငါးဆင့်)ကျောင်း Grade-9 သင်ဆဲမှ ကျောင်းဝင်အမှတ် ၁၄၄၆ မောင်နေလင်းခန့်၏ဖခင် ဦးဖုန်းမြင့်၏အမည်မှန်မှာ ဦးမြင့်ကိုကို ၈/မသန(နိုင်)၀၈၆၃၀၇ ဖြစ်ပါကြောင်း။ **ဦးမြင့်ကိုကို**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီဝင်(အထူးပြု) ၂၀၂၄ ၄ပ-၂၆(ဝ၂၃)ဖြင့်ဖြေဆိုအောင်မြင်ထားသော မသွယ်သွယ်စိုး၏ဖခင် ဦးထွန်းမြင့်နှင့် ဦးအိုက်မြင့် ၁၃/ကမန(နိုင်)၀၅၅၁၃၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးထွန်းမြင့်(ခ)ဦးအိုက်မြင့်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ စဥ့်ကိုင်ကျေးရွာနေ အဘ ဦးဟံငြိမ်း၏သမီး မကြည်မြင့်နှင့် မကြည်ကြည်မြင့် ၈/ရစက(နိုင်)၀၃၅၂၅၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မကြည်မြင့်(ခ)မကြည်ကြည်မြင့်**

### ပျောက်ဆုံးကြောင်း
မဒါလီမောင်(ဘ)ဦးအုန်းမြင့် ၁၂/ဗတထ(နိုင်)၀၄၄၁၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၇၂၆၉၇

### ပျောက်ဆုံးကြောင်း
ဇေရဲထွန်း(ဘ)ဦးရဲဝင်းထွန်း၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
အောင်ကျော်ဖြိုး(ဘ)ဦးစိုးမြင့် ၈/ပခက(နိုင်)၃၀၆၀၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 609942)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မင်းချမ်းစော(ဘ)ဦးစန်းလွင် ၃/ကဆက(နိုင်)၁၂၉၅၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 687538)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ခင်မြတ်နွယ်(ဘ)ဦးခင်ဇော် ၁၂/ဒဂတ(နိုင်)၀၅၇၀၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ခင်ဌေးသက်(ဘ)ဦးသက်ဝေ ၁၂/ဥကမ(နိုင်)၁၁၈၀၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မေမြတ်ကျော်(ဘ)ကျော်သန်းဌေး ၁၂/တတန(နိုင်)၂၄၉၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 326730)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### Notice Under Section 208(E) Myanmar Companies Act
### "HONDA LOGICOM MYANMAR CO.,LTD."
### (Members Voluntary Winding-Up)
### Invitation to Final Meeting

A final meeting of "HONDA LOGICOM MYANMAR CO.,LTD." will be help on 10:30 Am (3.February.2025)No.(53/62), Tharkayta Industrial Zone, FLP Tharkayta B4-Room3, Tharkayta Township, Yangon Region,Myanmar-

- Liquidator's report and return will be presented at the meeting.
- All members are invited to attend.

### ပျောက်ဆုံးကြောင်း
ကျော်ဇောနိုင်(ဘ)ဦးသန်းဝင်း ၁၄/ဒဒရ(နိုင်)၁၂၉၈၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၁၃၃၆၃၁၃

### ပျောက်ဆုံးကြောင်း
အေးနဒီမိုး(ဘ)ဦးမိုးဇော်ဇော် ၁၂/ပဘတ(နိုင်)၀၃၈၇၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၅၀၅၅၄၆၉

### ပျောက်ဆုံးကြောင်း
တောင်ငူမြို့၊ ရွာမလမ်းနေ ဇော်မင်းထက်(ဘ)ဦးဝင်းဇော်ဦး ၇/တငန(နိုင်)၂၁၈၂၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမြင့်(အေးအကယ်ဒမီ)
## အသက်(၈၇)နှစ်

ရန်ကုန်မြို့နေ (ဦးဒေါင်း-ဒေါ်စောမွန်လှ)တို့၏သမီး၊ (ဦးလှသန်းဦး)-ဒေါ်မြင့်မြင့်စီ၊ ဦးမြတ်ထွန်းကျော်-ဒေါ်လှလှခိုင်၊ ဦးမျိုးလှ-ဒေါ်နွယ်နွယ်၊ ဦးမျိုးသန့်-ဒေါ်ခိုင်ခိုင်ဌေး၊ (ဦးမျိုးမြင့်)-ဒေါ်သန်းသန်းဌေး၊ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်မိုး-ဒေါ်စံပယ်၊ ဗိုလ်မှူးချုပ်မျိုးမင်းထွန်း-ဒေါ်ဝင့်ဝင့်လှိုင်တို့၏မွေးသမိခင် ကျေးဇူးရှင်၊ မြေး(၁၆)ယောက်၊ မြစ်(၁၃)ယောက်တို့၏အဘွား၊ (ဦးသန်းငွေ)၏ဇနီးဖြစ်သူ ဒေါ်အေးမြင့်(အေးအကယ်ဒမီ)သည် ၁၄-၁-၂၀၂၅ ရက် (အင်္ဂါနေ့)ည(၈:၃၀)နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၂၅ ရက်(ကြာသပတေးနေ့)မွန်းတည့်(၁၂:၀၀)နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၊ ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်(၁၁:၀၀) နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ကြီးကြပ်မှုအောက်ရှိ ယာဉ်ရပ်နားစခန်းမှ ယာဉ်ဝင်ခ/ယာဉ်ရပ်နားခကောက်ခံသည့်လုပ်ငန်း (၁၃)ခု၊ ရေချိုး/သန့်စင်ခန်းအသုံးပြုခကောက်ခံသည့်လုပ်ငန်း(၁၂)ခု၊ နားနေဆောင်နားနေခကောက်ခံသည့် လုပ်ငန်း(၃)ခုနှင့် ကော်မတီပိုင်ဆိုင်ခန်း(၄၁)ခန်းကို တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၁၂)ထပ်ခွဲရုံး၊ (၇)လွှာရှိ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ ယာဉ်ရပ်နားစခန်းများစီမံခန့်ခွဲရေးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ ယာဉ်ရပ်နားစခန်းများစီမံခန့်ခွဲရေးရုံးသို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါရောင်းချမည့်ရက် | - | ၁၄-၁-၂၀၂၅(အင်္ဂါနေ့) |
| တင်ဒါအရောင်းပိတ်မည့်ရက် | - | ၃၀-၁-၂၀၂၅(ကြာသပတေးနေ့) (၁၃:၀၀)နာရီ |
| တင်ဒါကျင်းပမည့်နေ့ရက် | - | ၄-၂-၂၀၂၅(အင်္ဂါနေ့) နံနက်(၁၀:၀၀)နာရီ |
| တင်ဒါကျင်းပမည့်နေရာ | - | မြို့တော်ခန်းမ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

### မွေးသက္ကရာဇ်အမှန်
ကျိုင်းတုံမြို့၊ မိုင်းဇင်းအုပ်စု၊ နောင်ဝိုကောင်ကျေးရွာနေ အဘ ဦးလေဝိဒ်၏သမီးဖြစ်သူ မမေခါးဘို၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၈-၂၀၁၆ ဖြစ်ပါကြောင်း။ **၃၀-၈-၂၀၁၆**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ထန်းတောကျေးရွာနေ မောင်ရဲမင်းဇော်နှင့် မနွယ်နီဇင်တို့၏ဖခင် ဦးရေဘောနှင့် ဦးအောင်ဝင်းဟု အမည်နှစ်မျိုးကွဲနေသော်လည်း ၈/ရစက(နိုင်)၀၃၀၀၃၇ အရ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးရေဘော(ခ)ဦးအောင်ဝင်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ထန်းတောကျေးရွာနေ မဇင်ညီမိးစိုးနှင့် မောင်ဝေယံဖြိုး၊ မောင်ထက်မြက်ရှိန်းတို့၏ဖခင် ဦးမောင်စန်းနှင့်ဦးစန်း မှာ ၈/ရစက(နိုင်)၁၃၉၉၅၆ အရ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်စန်း(ခ)ဦးစန်း**

### ပျောက်ဆုံးကြောင်း
မင်းအေးမင်းသူ(ဘ)ဦးသောင်းမင်း ၃/ဘအန(နိုင်)၃၂၂၃၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၇၂၆၉၇

### ပျောက်ဆုံးကြောင်း
စောယွာအယ်ဖိုး(ဘ)ဦးစောဒေးဗစ် ၃/ကမမ(နိုင်)၀၀၂၁၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 708675)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
စိုးလင်းအောင်(ဘ)ဦးစိန်သောင်း ၁၄/ဖပန(နိုင်)၁၄၁၉၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဌေးဌေးခိုင်(ဘ)ဦးညို ၅/ယမပ(နိုင်)၁၂၀၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 435521)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မင်းကိုချစ်(ဘ)ဦးဌေးဝင်း ၈/တတက(နိုင်)၂၂၆၁၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
သက်မာစိုး(ဘ)ဦးတက်တိုး ၁၄/ကပန(နိုင်)၁၇၄၁၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဖြိုးဖြိုးမြင့်(ဘ)ဦးထွန်းမြင့် ၁၁/ရဗန(နိုင်)၀၈၂၆၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဦးဇော်ဝင်းနိုင်(ဘ)ဦးရန်ပြေ ၁၂/ဥကတ(နိုင်)၁၇၈၁၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ညီညီဝင်းထွဋ်(ဘ)ဦးဝင်းထွဋ် ၁၂/ဥကမ(နိုင်)၂၃၈၆၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ထွန်းသိန်း(ဘ)ဦးခင်လှိုင် ၁၂/သကတ(နိုင်)၁၃၆၅၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 306193)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၀၉၀၃၅

### ပျောက်ဆုံးကြောင်း
ကျော်ကိုကို(ဘ)ဦးကျော်မြင့်ငယ် ၉/လဝန(နိုင်)၁၆၅၄၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၈၅၃၇၅၇၃

### ပျောက်ဆုံးကြောင်း
ဘုန်းဝေလင်း(ဘ)ဦးကြိုင်လင်း၁၂/ပဘတ(နိုင်)၀၀၂၁၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၇၁၈၇၅

### ပျောက်ဆုံးကြောင်း
ဖယ်ခုံမြို့၊ မိုးဗြဲအုပ်စု၊ လယ်ထွန်ရွာနေ မလဲ့လဲ့ဝင်း(ဘ)ဦးသန်းဖေ ၁၃/ဖခန(နိုင်)၀၉၁၅၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၃၇၈၂၅၅၆

### ပျောက်ဆုံးကြောင်း
နတ်မောက်မြို့၊ ဖက်တောကျေးရွာနေ အိသန္တာဝေ(ဘ)ဦးဝင်းအောင် ၈/နမန(နိုင်)၂၂၈၇၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့နေ သန်းဇော်ဝင်း(ဘ)ဦးဝင်းမောင် ၇/ပခန(နိုင်)၂၀၉၁၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ရေတာရှည်မြို့၊ ကဲလင်းဆိပ်ကျေးရွာနေ မခိုင်မာလွင်(ဘ)ဦးစိုးနိုင် ၇/ရတရ(နိုင်)၂၂၀၄၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 194836)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၈၂၁၉၄၀၂

### ပျောက်ဆုံးကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ သရက်နှစ်ခွရွာနေ မောင်ငယ်ငယ်ထွေး(ဘ)ဦးပြည့်ထွန်း ၆/သရခ(နိုင်)၁၃၇၀၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၃၂၁၂၀၃၂

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ယိုးဒယားကုန်းနေ စောအယ်ပါဖို(ဘ)စောဆော်လမွန် ၁၄/ပသန(နိုင်)၂၈၉၀၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 976021)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

### ပျောက်ဆုံးကြောင်း
သရက်ချောင်းမြို့၊ ကနက်သီရိရွာနေ ပြည့်စိုး(ဘ)ဦးလှဖေ ၆/သရခ(နိုင်)၁၀၆၉၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MC 726446)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၂၂၆၉၅၁

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ နယ်မြေ(၁၂)၊ စိတ္တရမဟီလမ်းနေ၊ အရှေ့လားသော် စိတ္တရမဟီလမ်း၊ အနောက်လားသော် ဒေါ်စိုးစိုးမူနေအိမ်၊ တောင်လားသော် ဒေါ်မြင့်မြင့်ဌေးနေအိမ်၊ မြောက်လားသော် ဒေါ်ဖော့နေအိမ်၊ ၎င်းအလားလေးရပ်အတွင်းရှိမြေကွက်တွင် ဦးကိုကိုဦး (၉/မထလ(နိုင်)၂၆၉၄၃၉)ကိုင်ဆောင်သူမှ(အလျား ၃၀'-၀" x အနံ ၂၀'-၀")အုတ်နံကပ်(၁)ထပ် အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာ ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ**(အပျို)**ဖြစ်ရမည်။

( ခ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀) ထက်မကျော်ရ။

( ဂ ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

( င ) မဟာဘွဲ့တက်ရောက်ရန်အဆင့်မီသူဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

( စ ) ဘွဲ့လက်မှတ်**(မူရင်း)**နှင့် ဘွဲ့ရအမှတ်စာရင်းတင်ပြနိုင်ရမည်။

(ဆ) **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့**တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီး သူများအနေဖြင့် ၂၇ နှစ်အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်အထိလည်းကောင်း လျှောက်ထားနိုင်သည်။

( ဇ ) ဗိုလ်လောင်းသင်တန်းတက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့်စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့်စတင်ခန့်အပ်ခြင်းခံရမည်။

( ဈ ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့**ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမ ဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၁၈ ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန်အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
A.I.B.A GOLD MEDAL


ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး ဗိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
PREMIUM QUALITY CEMENT
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့....
RHINO PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
RHINO CEMENT
ပင်ရင်းအရောင်းဌာန- ဖုန်း – ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN
Nan Myaing 2+1 coffee
NAN MYAING
PURE ARABICA COFFEE
ပင်ရင်းအရောင်းဌာန -ဖုန်း – ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA )ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၅

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာ အောင်ကျိုက္ခမီဘုန်းကြီးကျောင်းရှိ ဓမ္မရတနာဒဗိမာန်တွင် အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ စာမျက်နှာ ၁၅ ကော်လံ ၁ ➤

